
www.dhammadownload.com




ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# အဓိပတိသုံးပါးကင်းရင်
# မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်

၁၂

www.dhammadownload.com

မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂ ၊ နတ်မောက်လမ်း ၊ ရန်ကုန်မြို့
တွင်ရရှိနိုင်ပါသည် ။
ဖုန်း — ၅၄၁၈၆၀

( မိုးကုတ်ယောဂီများအတွက်သာ )

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# အဓိပတိသုံးပါးကင်းရင်
# မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်

(၂၄-၁၁-၆၁)

နီဝရဏတရားတွင် ပေါ်လာရင် အသုံးချလို့ ဖြစ်တာကို ဟိုညတွေက ၄-၅-၆ ရက် ဟောလို့ တော်တော် ရေလည်ပါပြီ (မှန်ပါ့ ရေလည်ပါပြီ) ရေလည်သွားပါပြီ . . . တဲ့။

အဲဒါ နီဝရဏတရားလို့ မအောက်မေ့ကြနဲ့၊ ရှုတတ်လို့ရှိရင် ဝိပဿနာအာရုံလို့ မှတ်ရမယ် . . . (မှန်ပါ့)၊

ဝိပဿနာ၏ အာရုံလို့ဆိုတဲ့ ဥစ္စာသည် ဘယ်သူက ပြောသတုန်းလို့ မေးလို့ရှိရင်ဖြင့် သတိပဋ္ဌာန် ပါဠိတော်က ပြောတယ်လို့ ဆုံးဖြတ်ချက်ချကြပါ . . . (မှန်ပါ့) သတိပဋ္ဌာန် ပါဠိတော်က ဟောထားတယ်၊ ဝိပဿနာရှုလို့ ဖြစ်တဲ့တရားချည်းပဲ၊ အသုံးမချတတ်ရင် နီဝရဏ . . . (မှန်ပါ့)။

www.dhammadownload.com



နိဗ္ဗာန်ဆိုတာ ဘာတုန်းဆိုတော့ သေသေချာချာ စစ်စစ် မြစ်မြစ် ပြောမယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ် ကန့်ကွက်တဲ့ ပဋိစ္စ သမုပ္ပါဒ်ပဲ (မှန်ပါ့ဘုရား) သေသေချာချာပြောရင် ကန့်ကွက်တဲ့ ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ကြပါ . . . (မှန်ပါ့)။

သူတစ်ခုတည်း ထားထားမဟုတ်ဘူး၊ တောက်လျှောက် တစ် ခါတည်း ပဋိစ္စသမုပ္ပါဒ်အစဉ်အတိုင်း ထားပစ်လိုက်တယ် . . . (မှန်ပါ့ဘုရား)။

အဲဒါတွေကို မထားဖြစ်အောင် အစဖြတ်တဲ့ နည်းကဖြင့် ဝိပဿနာထဲသွင်းမှပဲ (မှန်ပါ့)။

ဝိပဿနာထဲ သွင်းချင်တော့ သူ့ကို ဗောဟိပဿိကောဘက်က ထားပြီးသကာလ ကိုယ့်ဉာဏ်သန္နိဋ္ဌိကောဘက်က ထားလိုက် ပါလို့ဆိုတာ မောင်သစ်တို့ ဦးသံဒိုင်တို့ကို ပြောပါတယ် . . . (မှန်ပါ့ဘုရား)။

အဲဒါ အသုံးချတတ်လို့ရှိရင် ဘယ်အချိန်မဆို ရှုစရာမရှိဘူး ဆိုလို့ ပြောစရာမလိုတော့ဘူး . . . (မှန်ပါ့ဘုရား)။

ကိုယ်ကမရှုရင်တော့ မပြောတတ်ဘူး၊ သူတို့ကဖြင့် အရှုခံနဲ့ ရှုဉာဏ်တွဲဖို့ လာတာပဲဆိုတာ သေချာတယ် (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီဥစ္စာ သဘောလဲပါသွားပြီ၊ လုပ်လဲ လုပ်တတ်ပြီဆိုတာသိလို့ ရှေ့ကို ဘုရားသခင်ကိုယ်တော်မြတ် ကြီးက ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်တို့၏ စိတ်နေစိတ်ထား သဘော သွားကို ဟောတယ် (မှန်ပါ့)။

1(B)

www.dhammadownload.com



အဲဒါလဲ အင်္ဂုတ္တိုရ်ပါဠိတော်လို့ ဦးသံဒိုင်တို့ မှတ်ရမယ် ... (မှန်ပါ့ဘုရား)*

ဝိပဿနာရှုသောပုဂ္ဂိုလ်၏ စိတ်နေစိတ်ထား သဘောသွား ညံ့ဖျင်းလို့ရှိရင်လဲ အလိုရှိတဲ့ခရီးကို အပေါက်ကြီး မပေါက်နိုင်ဘူးလို့ မှတ်ရမယ် . . . (မှန်ပါ့)။

## အဓိပတိသုံးပါး

စိတ်နေစိတ်ထား သဘောသွားက ဘယ်လို ထားရမတုန်းလို့ ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အဓိပတိ သုံးပါး ဟောခဲ့သည် . . . (မှန်ပါ့) အတ္တာဓိပတိ၊ လောကာဓိပတိ၊ ဓမ္မာဓိပတိ။

အတ္တာဓိပတိဆိုတာ မိမိကိုအကြီးအမှူးထားရမယ်၊ လောကာဓိပတိဆိုတာ လောကကြီးကိုအဓိပတိထားရမယ်၊ အဓိပတိဆိုတာ အကြီးအမှူးလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား) ဓမ္မာအဓိပတိဆိုတာက ဘုရားဟောထားတဲ့တရားကို အဓိပတိထားပြီး ကြိုးစားရမယ်လို့ မှတ်ရမယ် . . . (မှန်ပါ့ဘုရား) အဓိပတိ ဘယ်နှစ်မျိုးပါလိမ့် (သုံးမျိုးပါဘုရား) အတ္တာဓိပတိ=မိမိကိုယ်ကိုယ် အကြီးအကဲထားပြီးသကာလ ကြိုးစားရမယ် (မှန်ပါ့)။

လောကာဓိပတိ=အပြင် လောကကြီး ကြည့်ပြီး သကာလ ကြိုးစားရမယ် . . . (မှန်ပါ့) ဓမ္မာဓိပတိ=ဆိုတာ မြတ်စွာဘုရား

* တိကနိပါတ် အင်္ဂုတ္တိုရ် ဒေဝဒူတဝဂ် အာဓိပတေယျသုတ် ၁၄၆။

www.dhammadownload.com



ဟောကြားတဲ့တရားကို အဓိပတိထားပြီးသကာလ ကြိုးစားရမယ်လို့ ဆိုတဲ့ ဥစ္စာကို ပြောနေတယ် (မှန်ပါ့ဘုရား)။

## အဓိပတိသုံးပါးကင်းရင် မဂ်ဉာဏ်ဖိုလ်ဉာဏ်မရနိုင်

ဒါဖြင့် အင်မတန် အဖိုးတန်လိမ့်မယ်ဆိုတာ ဦးသံဒိုင်တို့ မှတ်ထားရမယ် . . . (မှန်ပါ့ဘုရား) အင်မတန် အဖိုးတန်ပါလိမ့်မယ်။

ဒီ အဓိပတိသုံးပါးကင်းရင်ကွာ–တဲ့၊ မင်းတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူး–တဲ့၊ ဒါဖြည့်စွက်တဲ့တရားလို့လဲ မှတ်လိုက်စမ်းပါ . . . (မှန်လှပါ)။

## အတ္တာဓိပတိထားရမယ်

ကဲ . . . ဘာတုံးဆိုတော့ အတ္တာဓိပတိ=အတ္တက မိမိ၊ အဓိပတိက ကြီးမှူးတာ၊ ကိုယ့်ကိုယ်ကို အကြီးအမှူးထားပြီး ကြိုးစားရမယ် . . . (မှန်ပါ့)။

ဘယ်လိုထားရမတုန်းဆိုတော့ ငါသည် ယခု တရား အားထုတ်တာသည် စားစရာမရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ ဝတ်စရာမရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး . . . သဘောကျပလား . . . (မှန်ပါ့) နေစရာ ထိုင်စရာမရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ ဆေးဝါး အလိုရှိလို့ တရား အားထုတ်တာလဲ မဟုတ်ဘူး၊ အန္တရာယ် ကင်းအောင်လို့ တရားအားထုတ်တာလဲ မဟုတ်ဘူး (မှန်ပါ့) တိုတိုပြောတော့ ပစ္စည်း

www.dhammadownload.com



လေးပါးရလိုလို့ တရားအားထုတ်တာ မဟုတ်ဘူး၊ ကျော်စော လိုလို့ တရားအားထုတ်တာ မဟုတ်ဘူး (မှန်ပါ့ဘုရား)။

မိမိသည် အိုဘေးနာဘေး ရောထွေးနေတဲ့ သံသရာကြီးထဲမှ ထွက်မြောက်ခြင်းကို ငါအလိုရှိတယ်ဆိုတော့ မိမိကိုယ်ကို အကြီးအမှူးထား၏။ မိမိကိုယ်ကို တစ်ခါတည်း မြှောက်တင်လိုက်တယ် . . . (မှန်ပါ့ဘုရား)။

## စားစရာမရှိလို့ အားထုတ်တာ မဟုတ်

ငါသည် စားစရာမရှိလို့ တရားအားထုတ်ခြင်း မဟုတ်. . . သဘောကျပလား . . . (ကျပါပြီ) ဝယ်စရာခြမ်းစရာမရှိလို့ တရားအားထုတ်သည်မဟုတ်ဘူး(မှန်ပါ) နေစရာထိုင်စရာမရှိလို့ . . . (တရားအားထုတ်သည်မဟုတ်ပါ)။

တရားအားထုတ်သည် မဟုတ်ပါဘူးတဲ့ ဆေးဝါးကို အလိုရှိလို့ တရားအားထုတ်တာ မဟုတ်ပါဘူးတဲ့၊ အန္တရာယ်ကင်းဘေးကင်းဖို့ ဒါ . . . အားထုတ်တာ မဟုတ်ဘူးတဲ့၊ အိုဘေး၊ နာဘေး ရောထွေးနေတဲ့ သံသရာကြီးထဲကမှ မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန်ကို ရောက်လိုခြင်း၊ ရလိုခြင်း ဆန္ဒ ပြင်းပြတဲ့ဥစ္စာ အားထုတ်ရမှာ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီဟာဘာတုန်းလို့ မေးတဲ့အခါကျတော့ အတ္တာဓိပတိ=မိမိကိုယ်ကို အဓိပတိထားတယ်၊ ဒီလိုနေရာ အဓိပတိထားကောင်းပါတယ် . . . (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့ တရားရလွယ်

www.dhammadownload.com



အောင်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အမှန်သဘောနဲ့ ဟောလိုက်တယ်လို့ မှတ်ရမယ် (မှန်ပါ့ဘုရား)။

ဒါဖြင့် အတ္တာအဓိပတိဆိုတာ ဘယ်သူ့ကို အဓိပတိထားရမှာတုံး . . . (မိမိကိုယ်ကို အဓိပတိထားရပါမယ်)။

အဲ . . . မိမိကိုယ်ကို အဓိပတိ ထားရမယ်၊ အဓိပတိ ဆိုတာ အကြီးအကဲထားတာ . . . (မှန်ပါ့) မိမိကိုယ်ကို အဓိပတိ အကြီးအကဲထားပြီးသကာလ ငါသည် ဆရာသမားဆီလာပြီး တရားအားထုတ်တာ စားစရာမရှိလို့ တရားအားထုတ်တာ မဟုတ်ဘူး၊ ဝတ်စရာ ခြုံစရာမရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ နေစရာ ထိုင်စရာ ဟိုမှာမရှိလို့ တရားအားထုတ်လာတာ မဟုတ်ဘူး၊ ဆေးဝါးအလိုရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ လူချမ်းသာ နတ်ချမ်းသာကို အလိုရှိနေလို့ အားထုတ်တာလဲ မဟုတ်ဘူး၊ ထည့်ပေး . . . (မှန်ပါ့ဘုရား)။

## လူနတ်ချမ်းသာလိုလို့ အားထုတ်တာ မဟုတ်

လူချမ်းသာ နတ်ချမ်းသာအလိုရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး . . .(မှန်ပါ့) စင်စစ်မှာ ဒီသံသရာကြီးက ထွက်မြောက်ချင်လို့ အိုဘေး နာဘေး သေဘေးနဲ့ ရောထွေးနေတဲ့ သံသရာကြီးမှ ထွက်မြောက်ချင်လို့ ငါသည် တရား အားထုတ်တယ် ဆိုပြီး သကာလ ကိုယ့်ကိုယ် အဓိပတိထားပြီး အားထုတ်ကြပါ . . . (မှန်ပါ့ဘုရား)။

ကိုယ့်ကိုယ်ကို အဓိပတိထားပြီး အားထုတ်လို့ ရှိရင်ဖြင့် ဒီပြင် ကိစ္စတွေ မာန်တက်ပြီးသကာလ ဒီကိစ္စ အတွက်သာ

www.dhammadownload.com



အရေးတကြီး လုပ်တယ်ဆိုတဲ့ဥစ္စာ သတိထား ပြင်ကြပါလို့ ဘုရားကဟောတယ် . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ကို မိမိကိုယ်ကို အဓိပတိထားပြီး တရားအားထုတ်သောကြောင့်လဲ လိုရာခရီး အပြီးတိုင် ရောက်နိုင်တယ်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ဟောတားပါတယ် . . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ကိုယ့်ကိုယ် အဓိပတိထားပြီး အားထုတ်ခြင်းသည်လည်း နိဗ္ဗာန် မဂ်ဖိုလ်ကို ရောက်ခြင်း၏ ကျေးဇူးပြုတစ်ခုလို့ မှတ်ရမယ် . . . (မှန်ပါ့) ရှင်းသွားပလား . . . (ရှင်းသွားပါပြီ)။

## လောကာဓိပတိ ထားရမယ်

ကောင်းပြီ ဒါဖြင့် ဒုတိယဖြစ်တဲ့ဥစ္စာ ပြောပြမယ်၊ ဒုတိယဖြစ်တဲ့ဟာက လောကာဓိပတိ၊ လောကကြီး အဓိပတိ ထားရမယ်၊ လောကကြီးက တရားအားထုတ်နေတယ်၊ တရားအားထုတ်နေရင်း မဟုတ်တဲ့ စိတ်တွေက ဝင်လာတယ်၊ မကောင်းတဲ့ စိတ်ယုတ်မာတွေ စိတ်ရိုင်းတွေ ဝင်လာလို့ ကိုယ့်ကိုယ်ကို ဆုံးမရမယ်၊ မင်းဟာ တရား အားထုတ်နေတယ်၊ မင်းဟာ တရားအားထုတ်နေတယ်လို့ အများကလဲ ထင်ကြတယ်၊ မင်း စိတ်ထဲပေါ်နေတာကတော့ဖြင့် တရားတွေမပေါ်ဘဲနဲ့ ဘာမှမဟုတ်တဲ့ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသစိတ်တွေ ဝင်လာနေတယ်၊ မင့်ကိုယ်စောင့်နတ်က မင့်သိတယ်၊ မင်း မရှက်ဘူးလား . . . (မှန်ပါ့) ကိုယ့်ကိုယ်ကို ဆုံးမရမယ် . . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



## ကိုယ့်ကိုယ်စောင့်နတ်က သိတယ်

မင့်ကိုယ်စောင့်နတ်ကတော့ မင့်သိတယ်၊ မင်းကသာ အခု ကြည့်စမ်း၊ တရားအားထုတ်တယ်လို့ ဟန်ဆောင်နေတာ . . . မင့်ဝမ်းထဲမှာ အခု ရောက်လာတဲ့ တရားတွေက တကယ့်ကိုပဲ အရုပ်ဆိုးအကျည်းတန် အသုံးမကျတဲ့ တရားတွေ ရောက်လာတယ်၊ မင့်ကိုယ်စောင့်နတ်က သိတယ်ကွ၊ မသိပေဘူးလား . . (သိပါတယ်ဘုရား)။

ကိုယ့်ကိုယ်စောင့်နတ်ကလဲ သိတယ် . . . ပြီးတော့ကွာ ကျောင်းစောင့်နတ်တွေကလဲ အင်း . . . ဦးသံဒိုင်ကြီး တရားအားထုတ်နေလိုက်တာ မောင်သစ် တရားအားထုတ်နေလိုက်တာ သူ့စိတ်တွေကတော့ဖြင့် အကုသိုလ်ဘက်ကဗွက်ပေါက်လို့ . . . မင်းကျောင်းစောင့်နတ် မရှက်ဘူးလား . . . လောက အဓိပတိ ထားတယ် . . . (မှန်ပါ့)။

မင်းကျောင်းစောင့်နတ် မရှက်ဘူးလား . . . ဆရာသမား တွေ မရှက်ဘူးလား၊ ဆရာသမားဆိုတာလဲ သတ္တလောကပဲ (မှန်ပါ့) သတ္တလောကကို တစ်ခါတည်း အဓိပတိ ထားလိုက်တယ် . . . (မှန်ပါ့)။

ပြီးတော့ မင်းဒါတွေ မကသေးပါဘူးကွ၊ မင်းတော့ အထင်တော့ ကြီးကြမှာပဲ၊ မင်းစိတ်ထဲမှာတော့ အကုသိုလ်တွေက ဗွက်ပေါက်နေတယ်၊ အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေကလဲ မင်းဘာဖြစ်နေတယ်ဆိုတာ ပရစိတ္တ ဝိဇာနန ဉာဏ်ရတဲ့ ပုဂ္ဂိုလ်တွေက မင်းဘာဖြစ်နေတယ်ဆိုတာ သိတယ်၊ ဒီတော့ မင်း မရှက်

www.dhammadownload.com



ဘူးလားလို့ လောကာဓိပတိထားဝင်လာတယ်၊ ပြင်ဘက်လောက ကို (မှန်ပါ့ဘုရား) ရှင်းပြီနော် (ရှင်းပါပြီ)။

ဒါတင် မကသေးဘူးကွ၊ အခုအခါ အဘိညာဉ်ရတဲ့ပုဂ္ဂိုလ် တွေလဲ ရှိကြတော့ ဒီလူဟာ ဘာစိတ်ဖြစ်နေတယ်ဆိုတာ သိတယ်၊ အဲဒီ အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေကို မင်းမရှက်ဘူး လား . . မင်းက လောကကြီးထဲမှာ မင့်မသိတဲ့လူ မရှိဘူးလို့ မင်းက ထင်နေတယ်၊ မင်းက တရား အားထုတ် မလိုလိုနဲ့ လောဘ၊ ဒေါသ၊ မောဟတွေက ဗွက်ပေါက် နေတယ်၊ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တွေကလဲ မင့်မှာ အရှိအရှိနဲ့ ဝင်နေတယ်၊ အဲဒါ မင်းမရှက်ဘူးလား . . . မင်းကို လောကကြီး ဝိုင်းနေတာ မင်းမှာ သတ္တလောက သမားတွေကလဲ မြင်လျက်ပဲ၊ ဟို–စတုမဟာရာဇ် တာဝတိံသာနတ်တွေကလဲ သူတော်ကောင်း နတ်တွေကလဲ မင့်ကြည့်ပြီး ပြုံးကြမှာပဲ။

မင်းကသာ ဒီတရားအားထုတ်နေတယ်လို့ ပုံဟန်နဲ့ မင်းက ထိုင်ပုံ ပြုပုံကတော့ ဟုတ်ပါရဲ့၊ အတွင်းသားသိတဲ့ ပုဂ္ဂိုလ်တွေ ကတော့ မင်းရှက်စရာကြီး၊ မင်းသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် စားစရာမရှိလို့ တရားအားထုတ်တာ မဟုတ်ဘူး၊ ဝတ်စရာမရှိလို့ တရားအားထုတ်တာမဟုတ်ဘူး၊ မင်းစိတ်ထားက ကောင်းပါရဲ့၊ ကောင်းပင်ကောင်းငြားသော်လဲ ယခုလာတဲ့ မင့်သန္တာန်မှာပေါ်တဲ့ စိတ်တွေကတော့ဖြင့် ကိုယ်စောင့်နတ်ကစပြီး အကုန် နတ်တွေ ကလဲသိ၊ ကျောင်းစောင့်နတ်တွေကလဲသိ၊ မင့်မို့ပဲ ဒီဟာတွေ အလာခံပါပေတယ်၊ လောကကြီး မင်းမရှက်ဘူးလား (မှန်ပါ့ ဘုရား) ဘယ်သူ့ဆုံးမရမှာလဲ . . . (ကိုယ့်ကိုယ်ကို ဆုံးမရမှာပါ)။

www.dhammadownload.com



ဒါ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒကာဒကာမတို့ အရေးတကြီးလိုသကွ . . . တဲ့၊ နို့မဟုတ်ရင် ဟီရိဩတ္တပ္ပ မရှိတဲ့ ပုဂ္ဂိုလ် အားထုတ်နေတာနဲ့ တူတယ်တဲ့ . . . (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒါက ဘာအဓိပတိထားတာတုံး . . . (လောကကို ထားပါတယ်) လောကကြီး အဓိပတိထားပြီး မင်းကြိုးစားရမယ်လို့ ဆိုသဖြင့် အဲဒီတော့ လာလို့ရှိရင်ဖြင့် တစ်ခါတည်း ရှက်ပြီးသကာလ လာတဲ့တရားကိုပဲ တစ်နေ့ကပြောတဲ့အတိုင်း ဖြစ်ပျက်ရှုပေး . . . (မှန်ပါ)။

လာတဲ့ တရားကိုပဲ အကုသိုလ်လာရင် အကုသိုလ် ဖြစ်ပျက်ရှု၊ ဟုတ်လား . . . (မှန်ပါ) ဈာန်လာရင် ဈာန်ရှုချ၊ မစ္ဆရိယလာရင် . . . (မစ္ဆရိယရှုရပါမယ်) မစ္ဆရိယရှုချ၊ နို့မဟုတ်လို့ရှိရင် မင်းဟာ မင်းလာတဲ့ တရားတွေက မင်းသန္တာန် မကောင်းတဲ့ ပဋိစ္စသမုပ္ပာဒ်တွေက ပေါ်နေတယ်၊ များနေတယ်ဆိုပြီး သကာလတဲ့၊ ကိုယ့်ကိုယ်ကိုယ် လောကကြီး ရှက်ပြီးသကာလ၊ လောကကြီး ကြောက်ပြီး သကာလ ကိုယ့်ကိုယ်ဆုံးမပါ . . . (မှန်ပါဘုရား)။

ဒါ အင်မတန်ကောင်းတဲ့တရား . . . (မှန်ပါဘုရား) ဒါ အင်မတန်ကောင်းတဲ့ တရား၊ ဒီနေ့ဟောနေတဲ့ တရားက ကိုယ့်ကိုယ် အရေးတကြီး ဆုံးမရမယ့်တရား (မှန်ပါဘုရား)။

အဲဒီတော့ ကိုယ်စောင့်နတ်ကလဲ ဦးသံဒိုင် ဘာဖြစ်နေတယ် ဆိုတာ သူသိတယ် (သိပါတယ်ဘုရား) ကျောင်းစောင့်နတ်ကတော့ . . . (သိပါတယ်ဘုရား)။

www.dhammadownload.com



နတ်ဆိုတာ သူတို့မှာ နတ်မျက်စိရှိတယ်၊ နတ်နားရှိတယ်၊ အဲဒါတွေက အကုန်သိနေတာပဲ၊ အကုန်သိနေတော့ အရှက်မရှိတဲ့ ပုဂ္ဂိုလ်မို့ အလာခံနေတဲ့ အခိပ္ပာယ်ရတယ် (မှန်ပါ့ဘုရား)။

အရှက်ရှိတဲ့ ပုဂ္ဂိုလ်ဖြင့် ဒီဟာတွေ အလာခံပါ့မလား . . . (မခံပါဘုရား)။

ခုနင်က ချီးလာတုန်းကတော့ မင်းသည် စားစရာမရှိလို့ တရားအားထုတ်သည်မဟုတ်၊ ဝတ်စရာမရှိလို့ တရားအားထုတ်သည်မဟုတ်၊ နေစရာ–ထိုင်စရာ မရှိလို့ တရားအားထုတ်သည် မဟုတ်၊ ဆေးဝါးအလိုရှိလို့ တရားအားထုတ်သည် မဟုတ်ဆိုပြီး မင်းခံဝန်ချုပ်ကတော့ ကောင်းပါရဲ့၊ မင့်လာတဲ့စိတ်တွေကဖြင့်ကွာ သူတစ်ပါး မကြိုက်တဲ့ စိတ်တွေချည့်ပဲဆိုတော့ ဟိုပုဂ္ဂိုလ်တွေ မင်းတရားအားထုတ် နေသလိုလိုနဲ့ ကဲ့ရဲ့ကြတယ်၊ ပြုံးကြ လှောင်ကြ၊ သူတို့က ဒီလိုနေမှာ အဲဒီတော့ မင်းဒီလိုနေလို့ မတော်ဘူးဆိုပြီး လာတဲ့တရားကိုပဲ ဖြစ်ပျက်ရှုကြရမယ် (မှန်ပါ့ဘုရား)။

လာတဲ့တရားကို . . . (ဖြစ်ပျက် ရှုရပါမယ်) ဖြစ်ပျက်ရှုရမယ်၊ ဘယ်သူ့ငဲ့ပြီး ရှုရမှာလဲ၊ လောကကြီးငဲ့ရှုရမယ် . . . (မှန်ပါ့ဘုရား) လောကကြီး ငဲ့ရှုရမယ်။ လောကကြီး ငဲ့ရှုနေတယ်။ ဥပမာမယ် တရားအားထုတ်ရာ ထမင်းဆာလာတယ်၊ အညောင်းတွေ အညာတွေများပြီးသကာလ လာတယ်၊ ဒီဘက်ပဲ စိတ်တွေက ရောက်နေတယ်၊ ဩော် . . . ငါဟာ တရားအားထုတ်တာလားကွာ၊ ဒေါသဖြစ်နေတာလား၊ မေးပါလား . . . ကိုယ့်ကိုယ်ကိုယ် . . . (မှန်ပါ့)။

www.dhammadownload.com



မခံနိုင်တဲ့ ဝေဒနာတွေ ရောက်လာတယ်၊ မင်း တရားအား ထုတ်နေတာလား၊ ဒေါသဖြစ်နေတာလား၊ မင်းကိုယ်စောင့်နတ်က တော့ တရားအားထုတ်တယ်လို့ ပထမ အထိမ်းအမှတ် ထား တယ်၊ မင်းဖြစ်နေတာက တရားအားထုတ်တာမှမဟုတ်ဘဲ . . . (မှန်ပါ)။

အဲဒီတော့ မင့် စတုမဟာရာဇ် တာဝတိံသာ နတ်တွေကလဲ သာဓုခေါ်မလို့ စောင့်နေတာ၊ မင့်ကဲ့ရဲ့စရာကြီး ဖြစ်နေပါပေါ့ ကလား . . . (မှန်ပါဘုရား)။

ဘယ်သူ့ကို အဓိပတိထားရမလဲ . . . (လောကကို အဓိပတိ ထားရပါမယ်) အဲဒါ လောက အဓိပတိထားလို့ ရှိရင်လဲ မောင်သစ်တို့၊ ဦးသံဒိုင်တို့ မရဘူးလား . . . (မှန်ပါဘုရား)။

ဒီလူဟာ ဟီရိဩတ္တပ္ပမရှိတဲ့ အထဲ ပါသွားမယ် . . . (မှန်ပါ) မပါဘူးလား . . . (ပါပါတယ်ဘုရား)။

အဲဒီတော့ လောကကို အဓိပတိထား အားထုတ်လို့ရှိရင်လဲ အားလုံး ဒကာဒကာမတို့ လိုရာခရီး အပြီးတိုင် ရောက်နိုင်တယ် မှတ်ပါ . . . (မှန်ပါဘုရား)။

ဘာအဓိပတိထားရမယ် . . . (လောကကို အဓိပတိထားရပါ မယ်) လောကကို အကြီးအမှူးထားပြီး မင်းက လောကကြီးထဲက ထွက်ချင်တယ်လဲဆိုရဲ့၊ လောကကြီး ဘယ်လိုမှလဲ မရှက်ဘူး၊ မင့်ဟာ မင့်အသွားနဲ့ မင့်ရည်ရွယ်ချက်နဲ့ မင့်ဖြစ်ပုံနဲ့တော့ တစ်လမ်းစီပေါ့ကွာ . . . (မှန်ပါ)။

www.dhammadownload.com



ဘယ်သူ ဆုံးမရမလဲ . . . (ကိုယ့်ကိုယ်ကိုယ် ဆုံးမရမယ်) ဒါဖြင့် ဒီအချက်ဟာ အင်မတန် အရေးကြီးတယ်လို့ မှတ်ကြစမ်းပါ . . . (မှန်ပါ့) ဒီအချက်ဟာ ဘယ့်နှယ်တုံး . . . (အင်မတန် အရေးကြီးပါတယ်ဘုရား) သူကလာမှာကိုးဗျ . . . (မှန်ပါ့) လာလို့ရှိရင် ကိုယ်စောင့်နတ်က စပြီး သိပြီ၊ မသိဘူးလား . . . (သိပါတယ်ဘုရား)။

ကိုယ်စောင့်နတ်က စ,သိပြီး၊ ကျောင်းစောင့်နတ်က (သိပါတယ်ဘုရား) အိမ်မှာ အားထုတ်တဲ့ ပုဂ္ဂိုလ် အိမ်စောင့်နတ်ကကော . . . (သိပါတယ်ဘုရား)။

အလို . . . မင့်ဟာက လူပုံပန်းကတော့လဲ အဟုတ်သား၊ အတွင်းမှာ ကိလေသာတွေ ဗွက်ပေါက်နေတယ်ကွ၊ မင်းဟာ ရည်ရွယ်ချက်ကြီးနဲ့၊ ဥပမာမယ် ရန်ကုန်ကလာပြီး အားထုတ်တယ်၊ မန္တလေးက လာအားထုတ်တယ်၊ တောင်မြို့က လာအားထုတ်ကြတယ်၊ မင့်ဟာ ရည်ရွယ်ချက်နဲ့ မင့်စိတ်ထဲ ပေါ်နေတာတွေနဲ့ဆိုရင်ဖြင့် မင့်ဟာ ကြာလေ ရှက်စရာကောင်းလေပဲ ကြာလေ ကြောက်စရာကောင်းလေပဲ . . . (မှန်ပါ့)။

ဘယ်သူ့ ဆုံးမရမလဲ . . .(မိမိကိုယ်ကို ဆုံးမရပါမယ်) မိမိကိုယ်ကို ဆုံးမရမယ်ဆိုတာဖြင့် ဒါ ဘုရားကိုယ်တိုင်က ဟောထားတာလဲ တစ်ကြောင်း၊ ဘုရား ဟောထားတာ အသာထားပါဦး . . . တဲ့၊ ဒီအခုပြောတဲ့ ကိုယ်စောင့်နတ်တို့ ကျောင်းစောင့်နတ်တို့ အိမ်စောင့်နတ်တို့ စတုမဟာရာဇ် တာဝတိံသာနတ်တွေက အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နေတယ်၊ မသိပေဘူးလား

www.dhammadownload.com



(သိပါတယ်ဘုရား) ခင်ဗျားတို့စိတ်ထဲ ဘာဖြစ်နေတယ် ဆိုတာ လေ . . . (မှန်ပါ့)။

အဲဒီတော့ မင့်ဟာက အနေကတော့ဖြင့် ဟုတ်ပါရဲ့ကွာ၊ အတွင်းသားကတော့ဖြင့် မဟုတ်ဘူး၊ မင်းမရှက်ဘူးလား . . . သံသရာမှ ထွက်ချင်လို့ဆို၊ မင့်မှာ သံသရာထဲက မထွက်တဲ့စိတ်တွေ လာနေပါပေါ့ကလား . . . သံသရာလည်မည့် စိတ်တွေလာနေပါပေါ့လား၊ ကိုယ့်ကိုယ်ကို ဆုံးမရမယ်နော် . . . (မှန်ပါ့) သဘောပါပလား . . . (ပါ–ပါပြီ)။

ဒုတိယအချက်က ဘာအဓိပတိထားပြီး ဆုံးမရမလဲ . . . (လောကကို အဓိပတိထားပြီး ဆုံးမရပါမယ်ဘုရား)။

လောက အဓိပတိထား ဆုံးမရမယ်လို့ ဘုန်းကြီးက သေသေချာချာ ဟောတယ်၊ ဘုရားဟောတော်မူတာကို အကျယ်တဝင့်ရှင်းပြနေတယ်ဆိုတာ မှတ်ရမယ် . . . (မှန်ပါ့ဘုရား)။

လောကကြီးထဲမှာမှ အဓိပတိ မထားတဲ့ ပုဂ္ဂိုလ် ဟာဖြင့် အို .. တို့တံခါးပိတ်ထားတာ ဘယ်သူမြင်မတုံးလို့ အောက်မေ့ချင် အောက်မေ့နေမယ် . . . (မှန်ပါ့ဘုရား) မဟုတ်ဘူးလား . . (မှန်ပါ့)။

ဟိုက တံခါးပိတ်ထားတာပဲ၊ ကဲ . . အိပ်လိုက်ဦးမလေ . . ဟော မင်းဟာက အိပ်မလို့ လာတာလား . . . ၊ မင်းတရားအားထုတ်မလို့ လာတာလား . . . မင်းသံသရာမှ ထွက်ချင်တဲ့လူဟာ ဒီအစားလား . . . ၊ မင်းဟာမင်း မရှက်ဘူးလား . . .၊ မင်းကိုယ့်စောင့်နတ်ကဖြင့် အင်း . . . ငါ့လူကဖြင့်ကွာ ကျော်ပါ

www.dhammadownload.com



ကွာ၊ တရားအားထုတ်သတဲ့ . . . အိပ်နေပြန်ပြီ၊ တရားအားထုတ်မလို့တဲ့ . . . အစားအသောက်တွေ စီမံနေပြန်ပြီ . . . (မှန်ပါ)။

ဒါ ဘယ်သူ့ဆုံးမရမလဲ . . . (မိမိကိုယ်ကို ဆုံးမရပါမယ်) ဘာ အဓိပတိထားရမလဲ . . . (လောက အဓိပတိ ထားရပါမယ်) အဲ . . . အပြင်လောကကြီးကို အဓိပတိထားရမယ် (မှန်ပါဘုရား) လောကဆိုတာဘာလဲ၊ ကိုယ့်အပြင်ဘက်ကကိုး (မှန်ပါဘုရား) တောစောင့်နတ်တွေ တောင်စောင့်နတ်တွေ အိမ်စောင့်နတ်တွေ အစရှိသည်ဖြင့် ရှိကြပါတယ်၊ အဲဒါတွေ အပြင်လောက၊ သတ္တလောကလို့ ခေါ်ပါတယ် . . . (မှန်ပါဘုရား)။

အဲဒီ သတ္တလောကကြီးကို အဓိပတိမထားပြန်လို့ ရှိရင်လဲ ခင်ဗျားတို့က ကမ္မဋ္ဌာန်းကျောင်းကလေးထဲမှာ နေတာ လုံခြုံလို့ ရှိရင် ခင်ဗျားတို့က ဖြစ်ချင်တဲ့ စိတ်တွေဖြစ်၊ နေချင်သလိုနေဆိုလို့ ရှိရင်ဖြင့်တဲ့၊ လောကကြီးကို မရှက်တဲ့ပုဂ္ဂိုလ်၊ လောကကြီး မကြောက်တဲ့ပုဂ္ဂိုလ်၊ လောကကြီး ဗြောင်လိမ်နေတဲ့ပုဂ္ဂိုလ် ဖြစ်ထိုက် မဖြစ်ထိုက် . . . (ဖြစ်ထိုက်ပါတယ်ဘုရား)။

အဲဒီလို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လောကကြီးကို အဓိပတိထားပြီးသကာလ မင်းဟာ လောကမှ ထွက်ချင်လို့ အခု တရားအားထုတ်တာ၊ လောကဆိုတာ ဖြစ်တတ်ပျက်တတ်တာ လောကခေါ်ပါတယ်၊ ဖြစ်မှုပျက်မှုကို ဘာခေါ်ကြမယ် (လောက ခေါ်ပါတယ်) ဖြစ်တတ် ပျက်တတ်တာ လောကလို့ ခေါ်ပါတယ် . . . (မှန်ပါ)။

www.dhammadownload.com



အဲဒီ လောကကြီးက မင်းဟာထွက်ချင်လို့ လောကုတ်ဘက်ကို မင်းသွားချင်တာကတော့ မင်းရည်ရွယ်ချက်ကတော့ ကောင်းပါတယ်၊ ကောင်းပေမယ့် မင်းဝမ်းထဲ ပေါ်လာတာက လောကစိတ်တွေချည့် ပေါ်နေတယ် . . . (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီ)။

သူ့ဝမ်းထဲ ဘာတွေပေါ်နေသလဲ (လောကစိတ်တွေ ပေါ်နေပါတယ်ဘုရား) လောကစိတ်တွေချည့် မင့်ပေါ်နေတော့ မင့်ရည်ရွယ်ချက်က တခြား ဝမ်းထဲပေါ်နေတာက တခြားဆိုတော့ မင်းအရှက်မရှိလို့ဘဲ၊ ကိုယ့်ကိုယ်ကိုယ် လိမ်နေတဲ့လူ တစ်ဦးတစ်ယောက်ဖြစ်တယ် . . . (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ် (ကိုယ့်ကိုယ်ကိုယ် လိမ်နေတဲ့လူ တစ်ဦးတစ်ယောက်ပါ) ကိုယ့်ကိုယ်ကို လိမ်နေတယ်၊ ကိုယ်က တရားအားထုတ်တဲ့ပုံ၊ ဟန်က တရားအားထုတ်တဲ့ပုံပါပဲ၊ အဲဒီတော့ ဘာနဲ့တူနေသတုံးလို့ ဆိုလို့ရှိရင်ဖြင့် ဓမ္မဓဇကျီး* နဲ့ တူနေတယ် . . . (မှန်ပါ့)။

ဓမ္မဓဇကျီးဆိုတာ ဇာတ်နိပါတ်တော်မှာ မောင်သစ်လာပါတယ်၊ ခြေကလေးတစ်ချောင်းတည်း ထောက်တယ်၊ မြေပေါ်မှာ (မှန်ပါ့) ပါးစပ်ကလေး ပြဲလို့။

ဒီပြင် ငှက်တွေက မေးကြတယ်၊ အင်းကျီး . . . ခြေကလေး

---

* ဆက္ကနိပါက်–ဓမ္မဓဇဇာတ်
ဇာတ်အဋ္ဌကထာ တတိယအုပ်(၂၅၂)။

www.dhammadownload.com



တစ်ချောင်းတည်းထားတာ ဘာဖြစ်လို့တုန်း၊ အို–နှစ်ချောင်း ထောက်ရင် မြေတွေ ပြိုကုန်မှာစိုးလို့တဲ့၊ ပါးစပ်ကလေး ဖွင့်ထား တာက ဘာဖြစ်လို့တုန်း၊ သူများအသက်ကို မစားပါဘူး၊ လေစားနေတယ်တဲ့။

သူ့ဟာက ခြေနှစ်ချောင်းထောက်လိုက်ရင်လဲ မြေပြိုတော့ မှာတဲ့၊ လိမ်ပုံက (မှန်ပါ့) ပါးစပ်ကလေး ပြဲနေတာက ဘာတုန်း ဆိုတော့ ကျီးဆိုတာက သူများဥတွေဘာတွေ သားငယ်တွေ ဖောက်စားတတ်တဲ့ သတ္တဝါကိုးဗျ . . . (မှန်ပါ့) လေစားနေပါ တယ်ဆိုပြီး သူ့ပါးစပ်ကလေး ဖွင့်တယ်။

နောက်ကျတော့ ငှက်တွေအယုံသွင်းပြီး သကာလ သားတွေ သမီးတွေ ဥတွေ ထားပစ်ခဲ့ပြီး အသင်ကျီးပဲ စောင့်ရှောက်ရစ်ပါ ဆိုပြီး ပျံသွားတော့ သူဥတွေဖောက်စားတယ်၊ လိမ်တာ သက် သက် မဟုတ်လား . . . (မှန်ပါ့)။

အဲဒီလိုပဲတဲ့၊ ခင်ဗျားတို့လဲ တရားအားထုတ်ပြီး သကာလ နေပြောသေ့လဲ ဓမ္မဓဇကျီးလို ကိုယ့်ကိုယ်ကို လိမ်နေတဲ့ အဓိပ္ပာယ်ရောက်တယ် (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ လာတိုင်းလာတိုင်း ဩော်–ဓမ္မဓဇကျီး ဟာ အတော်လိမ်တတ်တယ်ဆိုသလိုပဲ၊ ငါတို့လဲ ကိုယ့်ကိုယ် ကိုယ် လိမ်နေတာပဲ . . . (မှန်ပါ့ဘုရား)။

ဘယ်သူ့လိမ်တာတုံး . . . (ကိုယ့်ကိုယ်ကို လိမ်တာပါ ဘုရား)

www.dhammadownload.com



ဒါဖြင့် ကိုယ့်ကိုယ်ကိုလိမ်နေတာ ဘာဖြစ်လို့ လိမ်ဖြစ်ပါ လိမ့်မတုံးလို့ အမေး ထုတ်လိုက်ရင်ဖြင့်တဲ့ လောကကြီးကို မရှက်လို့ . . (မှန်ပါ့ဘုရား) လောကကြီး အဓိပတိမထားလို့ . . (မှန်ပါ့ဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

ဘာအဓိပတိမထားလို့ပါလိမ့် . . . (လောကကြီး အဓိပတိ မထားလို့ပါဘုရား) အဲဒီတော့ ခင်ဗျားတို့ ကိုယ့်နေရာပြန်တဲ့ အခါမှာ တရားထိုင်နေဦးမလေ ဆိုနေတုန်းပဲ ဘေးစိတ်တွေ ဝင်လာလို့ရှိရင် ဦးသံဒိုင် မင်းမရှက်ဘူးလားလို့ ကိုယ့်ကိုယ် ကိုယ်မေး . . . (မှန်ပါ့ဘုရား) မင်းမလန့်ဘူးလားလို့ကော . . . (ကိုယ့်ကိုယ်မေးရပါမယ်)။

မင်း . . . သူများမသိဘူး ထင်လို့လား မေးရမယ် . .(မှန်ပါ့ ဘုရား) မင့်ကိုယ်စောင့်နတ်ကတော့ သိတယ်ကွ . . . မင်းကို ကျောင်းစောင့်နတ်၊ အိမ်စောင့်နတ်တွေကကော (သိပါတယ် ဘုရား)။

သိပါတယ်ကွ၊ မင်းက ခမ္မခဇကျီးလို လိမ်နေတာလား . . (မှန်ပါ့) မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ကျုပ်တို့ဆိုလို့ရှိရင် ဒကာဒကာမတွေမှာ အရှက်အကြောက် ကလေး ပါလာပြီးသကာလ အင်း . . . တို့အလုပ်တော့ဖြင့် မှန် မှန် လုပ်မှ ဖြစ်တော့မယ်၊ အများက ဝိုင်းကြည့်နေကြတယ်၊ သဘောကျပလား . . . (ကျပါပြီ)။

ကိုယ့်အလုပ် အလုပ်နဲ့တူအောင် လုပ်မနော် . . . (မှန်ပါ့)

www.dhammadownload.com



အများက ဘာဖြစ်နေသလဲ (ဝိုင်းကြည့်နေကြပါတယ်) ဝိုင်းကြည့်နေကြတယ် . . . (မှန်ပါ့) အများက ဝိုင်းကြည့်နေကြပါတယ်တဲ့။

ဒါဖြင့် လောကကြီး အလယ်မှာ အားထုတ်ရတဲ့ ပုဂ္ဂိုလ်ဟာ လောကကို အဓိပတိထား အားထုတ်ရလဲ ဘုရားက တရားထူး တရားမြတ် ရနိုင်တယ်လို့ ဟောလိုက်တယ် . . . (မှန်ပါ့ဘုရား) အတော်ကောင်းတဲ့ စကားဗျ . . . (ကောင်းပါတယ်ဘုရား)။

အတော်ကောင်းတဲ့ စကားတွေတဲ့၊ ပျင်းလာတယ်၊ ဩဘ်-မင်းကလဲကွာ မင်းပျင်းတာ လူတိုင်းသိပါတယ်ကွ၊ မင်းဟာ တရားအားထုတ်ဖို့ လာတာလား . . . ပျင်းဖို့လာတာလား မေးပါ (မှန်ပါ့) မဟုတ်လား . . . (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ မေးလိုက်လို့ရှိရင် ပျင်းတယ်ဆိုတာ ဘာတုံး ပျင်းတယ်ဆိုတာ ဒေါသ (မှန်ပါ့) ဒေါသ ဆိုတာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် မင်းအားထုတ်တဲ့ပုဂ္ဂိုလ် ပေါ်ကောင်းတဲ့တရားလား၊ မပေါ်ကောင်းတဲ့ တရားလား မေးတာပေါ့၊ မကောင်းတဲ့ တရား . . . (မှန်ပါ့) ပဋိစ္စသမုပ္ပာဒ် အဆုံးက စပြီး ပတ်မလို့ကိုး . . . (မှန်ပါ့)။

အဲဒီတော့ မင်းဆရာဘုန်းကြီးကလဲ ဟောထားတယ် ပျင်းလာလို့ရှိရင် ပဋိစ္စသမုပ္ပာဒ် အဆုံးကနေပြီး အဝိဇ္ဇာ ပြန်လှည့်မလို့၊ မလှည့်ပေဘူးလား . . . (လှည့်ပါတယ်ဘုရား) ဒေါသ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတာ အဝိဇ္ဇာ ရှိလို့ဖြစ်တာ . . . (မှန်ပါ့)။

www.dhammadownload.com



အဲဒီတော့ အဝိဇ္ဇာကောဆိုရင် 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ' နဲ့ လှည့်သွားလိမ့်မယ် . . . (မှန်ပါ့ ဘုရား)

အဲဒီတော့ မင်းဟာ သံသရာမှ ထွက်ချင်လို့ ဆိုပြီးသကာလ စားစရာမရှိလို့ အားထုတ်တာ မဟုတ်ဘူး၊ ဝတ်စရာ မရှိလို့ တရားအားထုတ်တာ မဟုတ်ဘူး၊ သံသရာမှ ထွက်မြောက်ချင်လို့ အားထုတ်တယ်ဆိုတယ်၊ ဒီမင်းပျင်းပုံကတော့ သံသရာထဲ ဝင်သွားပေါလား (မှန်ပါ့ဘုရား)။

မင်းသံသရာထဲ ဝင်သွားတာလဲ မင်းကိုယ်စောင့်နတ်၊ မင်းကျောင်းစောင့်နတ် အဘိညာဉ် ရတဲ့ပုဂ္ဂိုလ် စတုမဟာရာဇ် တာဝတိံသာနတ်တွေက ဗြဟ္မာကြီးတွေက မြင်လျက်ပါပဲကွ၊ မင်းကသာ ဟန်လုပ်နေတာပါ၊ မင်းအတော့်ကို မရှက်တတ် မကြောက်တတ်တဲ့ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ပဲလို့ ကိုယ့်ကိုယ်ကို ဆုံးမရမယ် . . . (မှန်ပါ့ဘုရား) သဘောပါပလား . . . (ပါပါပြီ)။

ဘယ်သူ့ ဆုံးမရမလဲ . . .(ကိုယ့်ကိုယ်ကို ဆုံးမရပါမယ် ဘုရား) ကိုယ့်ကိုယ်ကို ဆုံးမရမယ် . . . တဲ့။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ သိပ်မြင်ပါကလား . . ဦးသံဒိုင် . . (မှန်ပါ့ဘုရား) သိပ်မြင်တာပဲနော် . . ကဲ . . . ဒါဖြင့် ကိုယ့်ကိုယ်ကို ဆုံးမတတ်ကြပလား . . (မှန်ပါ့ ဘုရား) ဘယ်အချိန် ဆုံးမရမှာတုံးဆိုတော့ တရားအားထုတ်

www.dhammadownload.com



တုန်း ခုနင်ကပြောခဲ့တဲ့ နီဝရဏတွေ ဝင်လာတဲ့အခါမှာ နီဝရဏမှ တစ်ပါး တခြားသော စိတ်တွေ ဝင်လာတဲ့အခါမှာ တရားအားထုတ်တဲ့ အချိန်ကျမှလဲ ကသိုလ်တွေက လုပ်စရာ ရှိသေးတယ်၊ ဘုရားရေလဲစရာ ရှိသေးတယ်၊ လဲစရာရှိသေးတယ် (မှန်ပါ့ဘုရား)။

အင်း . . . မင်းကလဲပြောလိုက်တယ်၊ အရေးကြီးတဲ့ သံသရာမှ ထွက်မြောက်ကြောင်းကို မင်းဟာ ဒါကလေးနဲ့ မင်းက ကိုယ့်ကိုယ်ကို လိမ်ပြီးထားချင်လို့လား မေးပါ . . . (မှန်ပါ့ဘုရား) အရေးကြီးတဲ့ အလုပ်က ခုနင်က သံသရာပြတ်တဲ့ အလုပ်ကိုးဗျ . . . (မှန်ပါ့)။

အဲဒီအထဲမှာ ကိစ္စကလေးက ဟင်–ဘုရားကိစ္စကလေးက အချိန့်ရောက်လာတယ်၊ ဩော် . . . မင်းကိုယ်မင်း ပြန်လိမ်ပြန်ပြီ (မှန်ပါ့) အဖိုးတန်ပစ်ပြီး သကာလ အဖိုးမတန်တာကို မင်းသည်ကားလို့ဆိုရင် သိမ်းပိုက်ပြန်ပြီ (မှန်ပါ့ဘုရား) မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်)။

အဲဒါ ကိုယ့်ကိုယ်ကို လိမ်တာဟာ တယ်သိခဲတယ် . . . (မှန်ပါ့ဘုရား) ဒကာဒကာမတို့ ဘာတဲ့တုံး (ကိုယ့်ကိုယ်ကို လိမ်တာဟာ တယ်သိခဲပါတယ်ဘုရား)။

ကိုယ့်ကိုယ်ကို လိမ်တာကို ဒါလိမ်တဲ့တရားပါကလားလို့ မသိဘူး၊ လိမ်တဲ့တရားနောက် ကောက်ကောက်ပါအောင် လိုက်တယ် . . . (မှန်ပါ့ဘုရား) သိပ်ကြောက်စရာ ကောင်းပါကလား . . . (ကောင်းပါတယ်ဘုရား)။

www.dhammadownload.com



သူကလဲ ကုသိုလ်သမားကျတော့ ကုသိုလ်ကြီး သမားကို ကုသိုလ်ကလေးနဲ့ လှည့်လိမ့်မယ် . . . (မှန်ပါ့ဘုရား)။

အခုနင်က အယုတ်တမာ လူတွေကျတော့ တဏှာက ယုတ်သထက်ယုတ်အောင် လှည့်လိမ့်မယ် . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ဘာ့ပြုလို့ ခင်ဗျားတို့သည် ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ကိုယ်ကို အဆုံးအမခက်သကွနော်၊ သားဆုံးမရတာ လွယ်တယ်၊ သမီးဆုံးမရတာ လွယ်တယ်၊ ဘေးမိတ်ဆွေသင်္ဂဟတွေ ဆုံးမရတာ လွယ်သကွ၊ ကိုယ့်ကိုယ်ကို အဆုံးမရအခက်ဆုံးကွဆိုပြီး 'အတ္တာဟိ ကိရ ဒုဒ္ဒမော' လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဓမ္မပဒမှာ သေသေချာချာ ဟောတယ် (မှန်ပါ့ဘုရား)။

အဆုံးအမရအခက်ဆုံးက အတ္တာဟိ အတ္တာဝေ၊ မိမိကိုယ်သာလျှင်။ ဒုဒ္ဒမောကိရ၊ သူတစ်ပါးထက် ပိုလွန်၍ အဆုံးအမခက်သည်။ ဟောတိ၊ ဖြစ်၏။ အဆုံးအမရ အခက်ဆုံးတဲ့ (မှန်ပါ့ဘုရား) ပေါ်ပလား . . . (ပေါ်ပါပြီ)။

အဆုံးအမအခက်ဆုံးလဲ ကိုယ့်ကိုယ်ကိုပဲ ဆိုတော့ အခုဒါဟာ ကိုယ့်ကိုယ် ဆုံးမတဲ့တရား ဦးသံဒိုင် . . . (မှန်ပါ့ဘုရား)။

မင်းအရက်မရှိဘူးလား၊ အကြောက်မရှိဘူးလား၊ မင့်ရည်ရွယ်ချက်ကတော့ စားစရာမရှိလို့ ကျုပ်တရားအားထုတ်တာမဟုတ်ပါဘူး၊ ဝတ်စရာမရှိလို့၊ ဆေးဝါးအလိုရှိလို့ နေစရာ

www.dhammadownload.com



ထိုင်စရာ မရှိလို့ တရားအားထုတ်တာ မဟုတ်ဘူး သံသရာကြီးမှ ထွက်မြောက်ချင်လို့ဆိုတော့ ရည်ရွယ်ချက်ကတော့ ကောင်းပါရဲ့ကွာ၊ တရားအားထုတ်နေတဲ့ အခိုက်အတန့်မှာတော့ မင့်သန္တာန် စိတ်ကူးအမျိုးမျိုးတွေ လာနေတာကတော့ဖြင့် ကိုယ့်ကိုယ်ကို နိုင်အောင် မဆုံးမနိုင်လို့ လာနေတာ . . . (မှန်ပါ့ဘုရား)။

ဘယ်နှယ်ဆိုကြမယ် . . . (ကိုယ့်ကိုယ်ကို နိုင်အောင် မဆုံးမနိုင်လို့ လာနေတာပါဘုရား)။

ဒါဖြင့် အဆုံးအမ အခက်ဆုံးလို့ ဘုရားကဟောထားတယ်၊ ကိုယ့်ကိုယ်ဟာ အဆုံးအမအခက်ဆုံးလို့ ပြောတယ် . . . (မှန်ပါ့ဘုရား) မှန်တော့ မှန်ကြပါ့ပလား . . . (မှန်ပါတယ်ဘုရား)။

အဲဒီလို အဆုံးအမခက်လာလို့ရှိရင် လောကကြီးနဲ့ သူ့ကို ဆုံးမရမယ် . . . (မှန်ပါ့ဘုရား)။

လောကကြီး၌ မင့်ကိုယ်စောင့်နတ်တွေကလဲ မင်းလိမ်နေတာ သိပါတယ်ကွ၊ ကျောင်းစောင့်နတ်၊ အိမ်စောင့်နတ်တွေက ကော လိမ်နေတာကို (သိပါတယ်ဘုရား)။

သိပါတယ်၊ အဘိညာဉ်ရတဲ့ပုဂ္ဂိုလ်ကလဲ ဒိဗ္ဗစက္ခုနဲ့ မင်း စိတ်ကူး၊ ပရစိတ္တဝိဇာနနဉာဏ်ရတဲ့ပုဂ္ဂိုလ်တွေကလဲ လောကီချာန်နဲ့ကြည့်လျက်ပါပဲ၊ မင်းသည် အရှက်မရှိ အကြောက်မရှိလို့ လာနေတာပဲ ဆိုပြီးတော့ ကိုယ့်ကိုယ်ကို ဆုံးမကြစမ်းပါ . . . (မှန်ပါ့ဘုရား) သဘောပါပလား . . . (ပါပါပြီ)။

ဒီဟာက ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ အရေး တကြီးဟော၊ ဆရာဘုန်းကြီးကလဲ ချဲ့ထွင်ပြီး အမျိုးမျိုး အဖုံဖုံ

www.dhammadownload.com



ပြောနေတာ ခင်ဗျားတို့မှာ အကြီးဆုံးရန်သူတွေ ဖြစ်နေတယ်- (မှန်ပါ့ဘုရား) ဟန်လုပ်ပြီးသကာလ နေတဲ့သဘောလဲ ရောက်ပါတယ် . . . (မှန်ပါ့ဘုရား) ဟန်လုပ်နေတဲ့သဘောကော . . . (ရောက်ပါတယ်ဘုရား)။

ဟန်လုပ်နေတဲ့သဘောပဲ သေသေချာချာ ရောက်ပါတယ်တဲ့၊ ဒါ့ကြောင့် လောကကြီး အဓိပတိထားပြီး သကာလလဲ တရားအားထုတ်ကြရမယ် (မှန်ပါ့ဘုရား) သဘောကျပလား- (ကျပါပြီ)။

## ဓမ္မာဓိပတိထားရမယ်

ကိုင်း . . . ဒါဖြင့် သုံးခုမြောက် ကူးကြပါစို့၊ ဓမ္မာဓိပတိ၊ ဓမ္မ၊ တရားကို။ အဓိပတိ၊ အကြီးအမှူး ထားရမယ် . . . (မှန်ပါ့) တရားကို အဓိပတိ ထားရမယ်ဆိုတော့ ဘယ်လို ထားရမှာတုန်းဆိုတော့ ဓမ္မဂုဏ်တော်ခြောက်ပါး ဦးသံဒိုင်က အစ ရွတ်လိုက်တော့ ဘာတွေ့သတုံး . . . ။ 'သွာက္ခာတော ဘဂဝတာ ဓမ္မော' ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ဓမ္မော၊ တရားကို။ သွာက္ခာတော၊ နိဗ္ဗာန်တိုင် အရောက်ပို့တဲ့ တရားလို့ ကောင်းစွာ ဟောထားတယ် . . . (မှန်ပါ့)။

ဘုရားဟောတဲ့ တရားက ဘာတဲ့တုံး . . . (နိဗ္ဗာန်တိုင် အရောက်ဟောပါတယ်) နိဗ္ဗာန်အရောက် ပို့တဲ့တရားကို ဟောတယ် . . . (မှန်ပါ့ဘုရား)။

ဩော် . . . ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ 'သွာက္ခာတော ဘဂဝတာဓမ္မော' ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊

www.dhammadownload.com



တရားကို။ သွာက္ခာတော၊ နိဗ္ဗာန်ရောက်အောင် ကောင်းစွာ ဟော ထားတဲ့တရား။

မင့်ဟာက ဒီတရားတွေကို နိဗ္ဗာန်ရောက်အောင် ဟောထား တဲ့ တရားမို့ အခုပြောသွားတဲ့ အတိုင်းပဲ နိဗ္ဗာန်ရောက်တဲ့ အလုပ် ပဲ လုပ်ပါတော့မည် ဆိုရမည့်ဥစ္စာ မင်းဟာ အခုအားထုတ်နေ တော့ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ ဣဿာတွေ၊ မစ္ဆရိယတွေ၊ ဝိတက်တွေနဲ့ ဒီတရား အားထုတ်ရင်း၊ ဒါတွေ ပေါ်နေမယ် ဆိုသဖြင့် ဘုရား ကောင်းစွာ ဟောထားတဲ့ တရားကို မင်းတစ်ယောက်သာ အဖျက်လာတာကိုး (မှန်လှပါ) သဘော ပါကြလား . . . (ပါ–ပါတယ်) ကိုယ်ကဘာတုန်း . . . (အဖျက် လာပါတယ်ဘုရား)။

အံမာလေး မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး လေး သချေ်နဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့် ဆည်းပူးလို့ ရတဲ့ တရားကို မင်းလိုလူစားက လာဖျက်တယ် ဆိုတာကွာ တရားကို မင်းက အဓိပတိမထားလို့ ပို့နိုင်တဲ့ တရားကို မင်းက ပို့အောင် မလုပ်တဲ့အပြင် မင်းက ဖျက်တောင် ဖျက်သေးတယ် . . . (မှန်ပါ့ ဘုရား)။

ဘယ်သူ့ကို ဆုံးမရမလဲ . . . (ကိုယ့်ကိုယ်ကိုယ် ဆုံးမရပါ မယ်) ကိုယ့်ကိုယ်ကိုယ် ဆုံးမရမယ်ဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီ) ဘုရားက ဘယ်လို ဟောထားသတုံး . . . (သွာက္ခာ တော ပါဘုရား) သွာက္ခာတာ ဘဂဝတော ဓမ္မော ရှင်းပလား . . (ရှင်းပါပြီ) ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ တရားကို။

www.dhammadownload.com



သွာက္ခာတော၊ နိဗ္ဗာန်တိုင် အရောက်ပို့တဲ့ တရားလို့ ကောင်းစွာ ဟောတော်မူ၏။ ဘုရားဟောတာက နိဗ္ဗာန်ပို့တဲ့ တရားကို ဟောတော်မူတယ် . . . (မှန်ပါ့)။

မင်းရှုနေတာလဲ ပထမ ဖြစ်ပျက်တရားဟာ ဘုရားက . . . 'သဗ္ဗေသင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယပဿတိ' လို့ လုပ်ကွ၊ သဗ္ဗေ၊ ကြွင်းမဲ့ ဥဿုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ဖြစ်ပေါ်လာတဲ့ တရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန် ဖြစ်ပြီးပျက်ကြကုန်၏။ ယဒါ၊ အကြင်ဖြစ်ပြီး ပျက်တဲ့အခါ၌။ ပညာယ၊ ပညာဖြင့်။ ပဿတိ၊ ရှုပါလို့ ဘုရားဟောထားတယ် . . . (မှန်ပါ့) ဖြစ်ပျက်ကို ပညာနဲ့ရှုပါလို့ ဟောထားတယ် . . . (မှန်ပါ့) မဟောဘူးလား . . . (ဟောပါတယ်ဘုရား)။

အဲဒါ . . . ဟောလိုက်လို့ ရှိရင်ဖြင့် 'ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ' ဝိသုဒ္ဓိယာ၊ စင်ကြယ်သော နိဗ္ဗာန်ကို။ ဧသ-ဧသော၊ ဤသို့ ရှုသောပုဂ္ဂိုလ်သည်။ မဂ္ဂေါ၊ ရောက်ကြောင်း ဖြစ်ပါတယ်တဲ့ (မှန်ပါ့) ဘုရားက နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တယ်လို့ ဟောထားတယ်၊ သူဟောထားတဲ့ တရားတွေမှန်က . . . (မှန်ပါ့)။

အဲဒီတော့ မင်းက အခု တရားအားထုတ်သလိုလို ဘာလိုလိုနဲ့ မင်းက ဒီပြင်ရှုရမည့် ဥစ္စာကို မင်းက ဘာမဟုတ်တဲ့ ကာမဝိတက်ဆိုတဲ့ စားချင်သောက်ချင်တဲ့စိတ်တွေ၊ ဗျာပါဒဝိတက်ဆိုတဲ့ ဟို စိတ်မချ လက်မချတွေ၊ ဝိဟိံသဝိတက်ဆိုလို့ ရှိရင်လဲ အင်း . . . ဘယ်လိုပြောလိုက်ရလို့ ရှိရင်ဖြင့် နာသွားမှာပဲ။ ဒီလို

www.dhammadownload.com



မှပဲ မှတ်မှာပဲ အစရှိသည်ဖြင့် သူတစ်ပါး နှိပ်စက်ချင်တဲ့ ဝိဟိံသာ ဝိတက်တွေ မင်းစိတ်ထဲ ပေါ်နေတယ် (မှန်ပါ့ဘုရား)။

ပေါ်နေတာတွေ၊ မင်းသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် . . တဲ့ ဘုရားက ကောင်းစွာ နိဗ္ဗာန်ရောက်တဲ့ တရားကို သူဟောထားတယ်၊ မင့်သန္တာန်ပေါ်တဲ့ တရားက နိဗ္ဗာန်ရောက်တဲ့ တရား မဟုတ်ပါလားကွ၊ အပါယ်လေးပါး ရောက်တဲ့ တရားချည်း ပေါ်နေတယ် . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

ဘယ်ရောက်တဲ့ တရားတွေ ပေါ်နေသတုံး . . . (အပါယ်လေးပါးရောက်တဲ့ တရားတွေ ပေါ်နေပါတယ်) အပါယ်လေးပါး ရောက်တဲ့တရားတွေ ပေါ်ပြီးသကာလနေတော့ မင်း သွာက္ခာတော ဘဂဝတာ ဓမ္မောကို ဖျက်တာပဲဟေ့ . . . (မှန်ပါ့ဘုရား) ဘာဖြစ်တာလဲ . . . (သွာက္ခာတော ဘဂဝတာ ဓမ္မောကို ဖျက်တာပါဘုရား)။

ဟာ . . . မင့်ဟာက ဘုရား၏ တရားကို ဖျက်တာကိုး၊ မင့်ဟာ မင့်ထက် ယုတ်မာတာတော့ မရှိဘူးဟေ့ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

မင့်ထက် ယုတ်မာတာတော့ မရှိဘူးဟေ့၊ မင့် တရားကို အဓိပတိထားရမှာ မထားဘဲ၊ တရားတောင် ဖျက်လိုက်သေးတယ် . . . (မှန်ပါ့)။

တရားအဓိပတိထားရင် ဘုရားက နိဗ္ဗာန်ရောက်တယ်လို့ 'ဓသမဂ္ဂေါ ဝိသုဒ္ဓိယာ' ဓသ-ဓသော၊ ဤသို့ ဖြစ်ပျက်ကို မြင်

www.dhammadownload.com



သော ပုဂ္ဂိုလ်သည်။ ဝိသုဒ္ဓိယာ၊ စင်ကြယ်သော နိဗ္ဗာန်သို့။ မဂ္ဂေါ၊ ရောက်ကြောင်းလို့ ဟောထားတယ် . . . (မှန်ပါ)။

ထိုကဲ့သို့ ဟောပြောပြီး သကာလ ထားငြားသော်လဲ မင့်ဥစ္စာ ဖြစ်ပျက်မမြင်ဘဲနဲ့ ဘာမဟုတ်တဲ့ စိတ်တွေကို ကြားထိုးစိတ်တွေက မင့်မှာလာပြီးသကာလ နေတော့ ဩော် . . . နိဗ္ဗာန် ရောက်မည့်တရားကို မင်းလက်ခံခဲ့တဲ့တရား . . . မင်းနှလုံးသွင်းနေတဲ့ တရားက လေးသချေင်္ နဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဆည်းပူးလို့ ရတဲ့ ဉာဏ်တော်ကြီးနဲ့ ဟောထားတဲ့ တရားကို မင်းတစ်ယောက်ဟာဖြင့်ကွာ အဖျက်သမားသက်သက်ပါပဲ . . . (မှန်ပါဘုရား) ဘယ်သူ့ဆုံးမရမလဲ (ကိုယ့်ကိုယ်ကိုယ် ဆုံးမရပါမယ်)။

အဲ . . . လာလိမ့်မနော် . . . (မှန်ပါ) လာလိမ့်မယ်၊ လာမှာကေန်မို့ ဘုရားက မင်းတရားကို အဓိပတိထား သူနိဗ္ဗာန်ပို့မည့်တရားမို့ နိဗ္ဗာန်ပို့မည့် အလုပ်ပဲ လုပ်နေမယ် . . . (မှန်ပါဘုရား) ဒီလို ထားရမှာ . . . (မှန်ပါ)။

## ကျင့်သားရနေတဲ့ အာရုံတွေ မလာစေနဲ့

ခင်ဗျားတို့ ကျင့်သားရနေတဲ့ အာရုံတွေ မလာစေနဲ့ . . . (မှန်ပါ) ကျင့်သားရတဲ့ အာရုံဆိုတာ စိုးရိမ်တတ်တယ်၊ ပူဆွေးတတ်တယ်၊ လွမ်းတတ်တယ် မဟုတ်လား (မှန်ပါ) ဒါတွေ မလာစေနဲ့၊ မင်းလေးသချေင်္ နဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ဆည်းပူးလို့ရတဲ့ မင်းဖြင့် စိတ်ကူးထဲမှာ မထည့်ရဲတဲ့ ပါရမီတွေ အဲဒါတွေ ကိုယ်တော်မြတ်ကြီး ကောင်းစွာ ဟောထားတဲ့ တရားကို

www.dhammadownload.com



မင်းကဖျင်းတဲ့ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၊ မင်းလောက် မိုက်တာ၊ မင်းလောက် မလိမ်မာတာ၊ မင်းလောက် အရုပ်ဆိုး မင်းလောက် အကျည်းတန်တာ ရှိကို မရှိဘူးလို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမရမယ် . . . (မှန်ပါ့ဘုရား)။

ဘယ်သူ့ ဆုံးမရမလဲ . . . (ကိုယ့်ကိုယ်ကိုယ် ဆုံးမရမှာပါ) ဘာဖြစ်လို့တုံးဆိုတော့ သွာက္ခာတော ဘဂဝတာကို မင်းက ဖျက်တာ (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ) ဘာဖျက်တာ တုန်း . . . (သွာက္ခာတော ဘဂဝတာ ဓမ္မောကို ဖျက်တာပါ ဘုရား) အင်း . . . သွာက္ခာတော ဘဂဝတာ ဓမ္မောကို ဖျက်တာ ဆိုတော့ ဒကာဒကာမတွေက အားထုတ်ရင်း မတ္တနဲ့ မကောင်းတဲ့ စိတ် လာလို့ ရှိရင်ဖြင့် သွာက္ခာတော ဘဂဝတာ ဓမ္မောကို ဖျက်တာ . . . (မှန်ပါ့ဘုရား)။

ဘုရားက ကောင်းစွာ ဟောထားတဲ့ တရားကိုပင်လျှင် သူ့ကို အလေးအမြတ်ပြုပြီး မကြိုးစားတဲ့အတွက် ခင်ဗျားတို့ မဆိုင်တဲ့ ငါးဝအာရုံ ကာမဂုဏ်စိတ်တွေ လာပြီဆိုမှဖြင့် ဩော် . . . သာသနာဖျက်ဆိုတာ မင်းပါကလား . . . (မှန်ပါ့) သဘောပါ လား (ပါပါတယ်)။

သာသနာဖျက်ဆိုတာ . . . (မင်းပါဘုရား) မင်းပါကလားလို့ ကိုယ့်ကိုယ်ကို စွဲချက်တင်ရမယ် . . . (မှန်ပါ့) သာသနာဖျက်ဆို တာ . . . (မင်းပါကလားလို့ ကိုယ့်ကိုယ်ကိုယ် စွဲချက်တင်ရပါ မယ်) တင်ကော မတင်ထိုက်ဘူးလား . . . (တင်ထိုက်ပါတယ် ဘုရား)။

www.dhammadownload.com



အဲဒီတော့ကို မင်းဟာ မင်းနဲ့လဲ ဂုဏ်အားဖြင့်တဲ့ မတူ ပညာအားဖြင့်လဲ မတူ၊ တန်ခိုးအားဖြင့်လဲ မတူ၊ အဒီ မတူတဲ့ ကိုယ်တော်မြတ်ကြီး ဟောထားတဲ့ တရားကို မင်းက ဓမ္မန္တရာယ်လာလုပ်တော့ မင်းဟာ သာသနာဖျက် (မှန်ပါ့ဘုရား)။

ဘယ်သူ့ ဆုံးမရမလဲ . . . (ကိုယ့်ကိုယ်ကိုယ် ဆုံးမရပါမယ်) ကိုယ့်ကိုယ်ကို ဆုံးမရမယ်တဲ့ . . . အဲဒါမှ တရားပေါက်မှာနော် . . . (မှန်ပါ့ဘုရား) ကိုယ့်ကိုယ်ကိုယ် မဆုံးမတဲ့ ပုဂ္ဂိုလ်ဟာ (တရားမပေါက်ပါဘုရား) တရားမပေါက်နိုင်ဘူးဆိုတာ သေချာပလား . . . (သေချာပါပြီ)။

ကိုင်း–ဒါဖြင့် ဒကာဒကာမတို့ အဆုံးအမ အခက်ဆုံးကတော့ ဘယ်သူပါလိမ့် . . . (ကိုယ့်ကိုယ်ကိုယ် အဆုံးမ အခက်ဆုံးပါ ဘုရား) ကိုယ့်ကိုယ်ကိုယ် အဆုံးမ အခက်ဆုံး၊ ဘုရားက သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ရှာလိုက်တယ် ဒကာသစ်ရ အဆုံးမခက်တာ ဘယ်သူပါလိမ့် မတုံးလို့ ကလေးခက်သလား၊ လူကြီးခက်သလား၊ တိရစ္ဆာန်တွေ ခက်သလား၊ ကျားခက်သလား၊ မြွေခက်သလား၊ အို . . ဒါတွေဟာ တုတ်နဲ့ပြ မီးကလေးဘာကလေးနဲ့ ပြပြီး ချောက်လိုက် လှန့်လိုက်ရင် ရတယ်၊ မရဘူးလား . . . (ရပါတယ်ဘုရား)။

ကိုယ့်ကိုယ်ကတော့ ဆင်ခြေများတယ် . . . (မှန်ပါ့ဘုရား) ဆင်ခြေများတယ် . . . ဆင်ခြေများတယ် . . . (မှန်ပါ့) သဘောပါပလား . . . (ပါပါပြီ)။

www.dhammadownload.com



ဆင်ခြေက သိပ်များတယ်၊ ဒီနေ့စားရတာက အင်း . . . ဆင်ခြေက ဘယ်လိုများသတုံးဆိုတာတော့ ဒီနေ့က အအေးက များလို့ ဖြည်းဖြည်းမှ လုပ်တော့မယ် . . . (မှန်ပါ့) ဘာဖြစ်တာတုန်း . . . (ဆင်ခြေများတာပါ) ဆင်ခြေများနေတာ။

ဒီနေ့တော့ အပူက များပြန်တော့ . . . (ဆင်ခြေများတာပါဘုရား) ဆင်ခြေများနေတာပဲ . . . (မှန်ပါ့) အဆုံးမ ခက်လို့ ဆင်ခြေဝင်လာတာ (မှန်ပါ့) ဆင်ခြေဆိုတာ ခင်ဗျားတို့ တခြားမမှတ်ပါနဲ့၊ ကိလေသာဝင်တာမှတ်ပါ . . . (မှန်ပါ့ဘုရား) ဆင်ခြေဆိုတာ ဘာပါလိမ့် (ကိလေသာဝင်တာပါဘုရား) ခင်ဗျားတို့က မသိဘူး၊ ဒီကောင်ကလေးက ဆင်ခြေဆင်လက်များလိုက်တာ အစရှိသည်နဲ့ ကောင်ကလေးက သူကစားချင်တာ ဆိုတော့ ပျော်ချင်တာ၊ ပျော်ချင်တာ တဏှာပဲ (မှန်ပါ့ဘုရား)။

ခင်ဗျားတို့လဲ စောသေးတယ်လေ မထသေးပါဘူး ဆိုရင် ဒါကိလေသာဆင်ခြေ ဝင်ချလိုက်တာ . .(မှန်ပါ့) ရိပ်မိပလား .. (ရိပ်မိပါပြီ)။

ကိလေသာဆင်ခြေ ဝင်ချလိုက်တော့ ခင်ဗျားတို့ တရားအဓိပတိထားသေးရဲ့လား (မထားပါဘုရား)။

ဒီတရားက နိဗ္ဗာန်ပို့မည့်တရား၊ မင်းက ဆင်ခြေလာမထိုးတာနဲ့ . . . လုပ်ရလိမ့်မယ် . . . အစရှိသည်နဲ့ ခင်ဗျားတို့ကလဲ မကန့်ကွက်ဘူး၊ မကန့်ကွက်တော့ ဒီတရားပျက်သွားတယ် . . (မှန်ပါ့ဘုရား) ကောင်းစွာ ဟောထားတဲ့ တရားဟာ မကောင်းသဖြင့် ဖြစ်သွားတယ် . . . (မှန်ပါ့) သဘောပါပလား (ပါပါပြီ)။

www.dhammadownload.com



ပူပြန်–ပူလို့ပဲ၊ အင်း . . . ဒီနေ့တော့ မလုပ်သေးဘူးလေ၊ ပူတာကို မကြိုက်တဲ့ ဒေါသကနေပြီး ခုနင်က ကောင်းစွာ ဟောထားတဲ့ တရားနိဗ္ဗာန်ရောက်တရား သူကနေပြီး သကာလ ကန့်ကွက်လိုက်တယ် . . . (မှန်ပါ့ဘုရား)။

သာသနာပျက်–မပျက် . . . (ပျက်ပါတယ်ဘုရား) သာသနာပျက်သွားပြီ၊ ကိုယ့်အဆုံးအမကို ကိုယ်မလိုက်နာတဲ့ အတွက် ကောင်းစွာ ဟောထားတဲ့ တရားကိုပင်လျှင် ကဲ . . . ရှိပါစေတော့ မလုပ်သေးဘူး၊ ဘာပြုလို့တုံး . . . ကောင်းသွားမှာစိုးလို့၊ မဟုတ်ဘူးလား . . . (မှန်ပါ့) တကယ်များ နိဗ္ဗာန်ဝင်သွားရင် မခက်ဘူးလားထဲက ကျနေပြီ။

အဲဒီလောက်ထိအောင် အရုပ်ဆိုးနေတာတွေလဲ ခင်ဗျားတို့ဝမ်းထဲမှာ ရှိနေတယ် . . . (ရှိပါတယ်ဘုရား) ဒါ ဘုရားကဟောတာ ရှင်းပလား . . . (ရှင်းပါပြီ) အင်း . . . စောပြန်တော့လဲ စောလှသေးတယ်၊ နည်းနည်းကလေး နေကလေး စောလှသေးတယ်လေ၊ တော်တော်ကလေး ကြာတော့မှ နာရီ ဘယ်နှစ်နာရီလောက်မှ၊ အခုတော့ စောပါသေးတယ်။

အင်း . . . စောပါသေးတယ်ဆိုတာ ဘယ်သူတုံးလို့ မေးတဲ့အခါကျတော့ ခန္ဓာကိုယ် ငဲ့တဲ့တဏှာ . . . (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီ)။

ခန္ဓာကိုယ်ငဲ့တဲ့ ကိလေသာပဲဆိုတာကော ငြင်းဖို့လိုသေးသလား . . (မလိုပါဘုရား) အင်း . . သာသနာ ဖျက်ပြန်ပြီ . . (မှန်ပါ့)။

www.dhammadownload.com



သွာက္ခာတော ဘဂဝတာ ဓမ္မော=ကောင်းစွာ ဟောထားတဲ့ တရား၊ ခုလုပ်ခုရမယ်၊ အကာလိကော အခါမလင့် အကျိုးပေးမယ်ကွ၊ ငါဟောထားတဲ့ တရား၊ မဟုတ်ဘူးလား . . . (မှန်ပါ့)။

အဲဒါ ခင်ဗျားတို့က ဒီအခါတော့ မလိုချင်သေးဘူး ဆိုတဲ့ အဓိပ္ပာယ်ရတယ် . . . (မှန်ပါ့) ဒီတစ်ခါတော့ဖြင့် . . . (မလိုချင်သေးပါဘုရား) ဒါဖြင့် လက်ငင်းမလိုချင်ဘူး၊ ဝဋ်ကြွေးကြိုက်တယ် ဖြစ်နေတယ် . . . (မှန်ပါ့ဘုရား) မောင်သစ် . . . ဘာဖြစ်နေသတုန်း . . . (ဝဋ်ကြွေးကြိုက်တယ် ဖြစ်နေပါတယ်)။

ဟင် . . . လက်ငင်း မလိုချင်ဘူး၊ အကြွေးကြိုက်တယ် ဆိုတဲ့ အဓိပ္ပာယ်ဖြစ်နေတယ် . . . (မှန်ပါ့ဘုရား)။

အကြွေးဆိုတာ ဘာတုန်းလို့ မေးတော့ ဒုက္ခသက် ရှည်တာကို အကြွေးခေါ်တယ် . . . (မှန်ပါ့ဘုရား) ဒုက္ခမြန်မြန် ငြိမ်းတာကို လက်ငင်းခေါ်တယ် . . . (မှန်ပါ့)။

အဲဒါ ခင်ဗျားတို့ ဘယ်ထဲကျသလဲ . . . (အကြွေးကြိုက်တဲ့ထဲ ကျပါတယ်) ဒုက္ခသက်ရှည်တာ ကြိုက်တယ် . . . (မှန်ပါ)

အဲဒါလောက်ကျအောင် ခင်ဗျားတို့သည် တရားကို အဓိပတိ မထားတော့ဘူး၊ ခုနင်က အေးပြန်အေးလို့ ပူပြန်ပူလို့ စောပြန်ရင် . . . (စောသေးလို့)။

ဟင် . . . ဘာဖြစ်နေကြတာတုံး . . . ဦးသံဒိုင်ကြီးတို့ ပြောစမ်းပါဦး . . . (ကိလေသာ ဝင်နေပါတယ်) ကိလေသာ ဝင်နေတယ်၊ ဟုတ်လား . . . (မှန်ပါ့) တစ်နည်းအားဖြင့် ဟေဝိပဿိကော သူမကြိုက်ဘူး . . . (မှန်ပါ့)။

3(A)

www.dhammadownload.com



ဘာတဲ့တုန်း(ဇဟိပသိကောမကြိုက်တာပါ) အကာလိကော ကော . . . (မကြိုက်ပါဘုရား)။

အံမာ . . . ချက်ချင်းများ အကျိုးပေးမယ်ဆိုရင် မကြိုက်ဘူး . . . (မှန်ပါ့) ချက်ချင်း ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ကြီးကို သွားတော့မယ်ဆိုရင် . . မကြိုက်တဲ့ အခိပ္ပာယ် ပါနေတယ် . . (မှန်ပါ့ဘုရား)။

ဒါဖြင့် မင်း ဘုရားရှေ့သွားပြီး ဝဋ္ဋဘဝတိုတိုနဲ့ မဂ်ဖိုလ်ရ–ရပါလို၏ဆို၊ မင့်အသွားနဲ့ မင့်လုပ်ပုံနဲ့ ကိုက်ကဲ့လား . . . (မှန်လှပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဘယ်သူ့ လိမ်နေတာတုံး (ကိုယ့်ကိုယ် လိမ်နေတာပါ) အမာလေး လိမ်စရာ ပါးပါးရှားရှားကွာ၊ သူများလိမ်လို့ရှိရင်ဖြင့် အကျိုးပါလိမ့်ဦးမယ် ကိုယ့်ကိုယ် လိမ်တာကတော့ အကျိုးယုတ်ပါတယ် . . . (မှန်ပါ့ဘုရား)။ မယုတ်ဘူးလား . . . (ယုတ်ပါတယ်ဘုရား) ဒါ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တရားအဓိပတိမထားတဲ့ ပုဂ္ဂိုလ်မှာ ဒီဟာတွေ လာလိမ့်မယ်ကွ . . တဲ့၊ (မှန်ပါ့ဘုရား)။

မိုးချုပ်သွားပြန်တော့လဲ ဒီနေ့တော့ မိုးချုပ်သွားပြီး နက်ဖြန်မှ အင်း . . . ဘာလုပ်ပြန်တာပါလိမ့် . . . (လိမ်တာပါဘုရား) ဘယ်သူပါလိမ့် တရားကိုယ်က . . . (ကိလေသာပါဘုရား)။

ကိလေသာပဲ၊ သဘောကျပလား . . . (ကျပါပြီ) ဘယ်သူ့ လိမ်တာတုန်း . . . (ကိုယ့်ကိုယ် လိမ်တာပါ) ဘယ်တရားက လိမ်လိုက်သတုံး . . . (ကိလေသာက လိမ်ပါတယ်ဘုရား)။

www.dhammadownload.com



ဩော် . . ခင်ဗျားတို့ဟာ ခက်ပါသေးတယ် တယ်လိမ်တတ်တဲ့ တရားတွေကလဲ စောရင် စောလို့ . . ဟင် . . မိုးချုပ်ရင် . . (မိုးချုပ်လို့ပါဘုရား) ခက်နေပြီကော ဦးသံဒိုင်ရ၊ မောင်သစ် ဘယ်နှယ်နေသလဲ . . . (ခက်ပါတယ်ဘုရား)။

ဒါတွေချည်းပဲ ကိလေသာကဝင်ပြီး ဆင်ခြေလဲရင် ဟုတ်ပါချည့်ပဲ လိုက်နေတာပဲ . . . (မှန်ပါ) ကိလေသာ ဆင်ခြေလဲလိုက်ရင် (ဟုတ်ပါချည့် လိုက်နေပါတယ်) လိုက်ရမှာလား . . . တော်လှန်ရမှာလား . . . (တော်လှန်ရမှာပါဘုရား) တော်လှန်ရမှာကိုပင်လျှင် ခင်ဗျားတို့က ဟုတ်ပါတယ်လေ၊ မိုးချုပ်သွားပေါ့ (မှန်ပါ) ဟုတ်ပါတယ်၊ မိုးချုပ်သွားပေါ့။

ဟာ . . . ဘယ်သူ့နောက် ဘာလိုက်နေတာတုံး ဆိုတော့ ကိလေသာကျွန်မျိုးပီပီ ကိလေသာနောက်ကို လိုက်နေတယ် (မှန်လှပါဘုရား) ကိလေသာခိုင်းစေရာ လိုက်နေတယ် (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့သည် သွာက္ခာတော ဘဂဝတာ ဓမ္မောကို ဘာလုပ်ကြတာတုံး . . . (ဖျက်တာပါဘုရား) ဖျက်ကြတယ် (မှန်ပါ)။

ဒါဖြင့် တရားကို အဓိပတိ မဆောင်ဘူးတဲ့ . . . (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ လောက ပရိယာယ်မျိုးစုံ ဟူသရွေ့ မောင်သစ်တို့ ဦးသံဒိုင်တို့က ဘယ်လိုဆုံးဖြတ်ချက်ချမလဲ . . .

www.dhammadownload.com



(ကိလေသာချည်းပါဘုရား) ကိလေသာချည်းပဲဆိုတာ ပေါ်လာပလား . . . (မှန်ပါ)။

ဒါဖြင့် ဒီကိလေသာတွေကလဲ ကိလေသာ ဟူသရွေ့ ဟာလဲ ပဋိစ္စသမုပ္ပါဒ် အလည်က ဖောက်စတယ် . . . (မှန်ပါ)။

ကိလေသာကလဲ . . . (အလယ်က ဖောက်စ ပါတယ် . . . ဘုရား) တဏှာကိုးဗျ . . . (မှန်ပါ) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ဒါဖြင့် ဘုရားက ဒါတွေမြင်လို့ သွာက္ခာတော ဘဂဝတာ ဓမ္မောကို အလေးအမြတ် ထားရမယ် (မှန်ပါ) ငါ-ဟောထားတဲ့ တရားဟာ ကောင်းစွာ နိဗ္ဗာန်ဆောင်တတ်တဲ့ တရား ဟောထားတာ ဘယ့်နှယ်ကြောင့် မရပါလိမ့်မတုန်းလို့ မင်းတို့က မဆိုနဲ့၊ ကိလေသာ လိမ်တာကို မင်းတို့က တရားအဓိပတိ မထားဘဲနဲ့ ကိလေသာ အဓိပတိထားလို့ မင်းတို့မရတာ . . . (မှန်ပါဘုရား) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

တရား အဓိပတိမထားဘဲနဲ့ . . . (ကိလေသာ အဓိပတိ ထားလို့ မရတာပါ) အံမာလေး အဲဒီကိလေသာ အဓိပတိ တားလို့ ရှိရင် မင်းတို့အပါယ်က ခေါင်းပြူနိုင်မှာ မဟုတ်ဘူး . . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီ)။

ကိုယ့်ကိုယ်ကို ဆုံးမရမည့် အသွားတွေ ပေါ်ကြပလား . . (ပေါ်ပါပြီ) ဘယ်သူ့ ဆုံးမရမလဲ . . . (ကိုယ့်ကိုယ်ကို ဆုံးမရပါမယ်) အင်း . . . ကိုယ့်ကိုယ်ကို ဆုံးမရမယ်ဆိုတာ သေချာပြီ

www.dhammadownload.com



နော် . . . (သေချာပါပြီဘုရား) ဘယ်ဟာ အဓိပတိထားပြီး ဆုံးမရမှာလဲ . . . (ဓမ္မာဓိပတိထားရမှာပါ)။

အေး . . . တရားကို (မှန်ပါ့) တရားကို အဓိပတိ ထားလျှင် ဘုရားက အခုလုပ် အခုကျိုးပေးတယ်ကွတဲ့ . . . (မှန်ပါ့) မင်းက အခုလုပ် အခုအကျိုးပေးတယ်လို့ ဟောပါလျက် သားနဲ့ အေးသလေး ပူသလေး . . . စောသလေး . . . မိုးချုပ်သလေးနဲ့ (မှန်ပါ့) ရိပ်မိကြပလား . . . (မှန်ပါ့ဘုရား)။

အဲဒါ ဘုရားသခင် ကိုယ်တော်မြတ်ကြီး အခု အေးတယ် ပူတယ် စောတယ် မိုးချုပ်တယ်ဆိုတာ အဂ္ဂိုတ္တိုရုံမှာ သေသေချာချာ လာတာ . . . (မှန်ပါ့ဘုရား) သဘောပါကြပလား . . . (ပါ-ပါပြီ)။

ဒါဖြင့် ဘာကို အဓိပတိ မထားရင် အေးတယ်၊ ပူတယ်၊ စောတယ်၊ မိုးချုပ်တယ် ဆိုတဲ့ ကိလေသာ ဆင်ခြေတွေ လာပါလိမ့်မလဲ ဆိုတာတော့ ရိပ်မိပါပြီ . . . (ရိပ်မိပါပြီဘုရား) သွာက္ခာတော ဘဂဝတာ ဓမ္မော ဆိုတဲ့တရားကို အဓိပတိမထားလို့ . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘာပြုလို့လဲ . . . (သွာက္ခာတော ဘဂဝတာ ဓမ္မောကို အဓိပတိ မထားလို့ပါဘုရား)။

အဲဒါမှ အဓိပတိမထားတော့ အကာလိကောဆိုတဲ့ အခါမလင့် အကျိုးပေးတာလဲ မလိုချင်တော့ဘူး . . . (မှန်ပါ့) လိုချင်တဲ့ အဓိပ္ပာယ် ပါသေးရဲ့လား . . . (မပါ-ပါဘုရား)။

www.dhammadownload.com



ဒါဖြင့် 'ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ' ပညာရှိများ အသီးသီး ခံစားရတယ်ကွ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ကျုပ်မရချင်ဘူး . . . (မှန်ပါ့)။

သဘောပါပလား . . . (ပါပါပြီ) ဘာတဲ့တုံး . . . (မဂ်ဉာဏ် ဖိုလ်ဉာဏ် ကျုပ်မရချင်ဘူး) ကျုပ်မရချင်ဘူး၊ ကျုပ်ပညာရှိလဲ မဟုတ်ဘူး၊ ရလဲ မရချင်ဘူး . . . (မှန်ပါ့) ဒီအဓိပ္ပာယ် ရောက် သွားတယ် သဘောပါရဲ့လား . . . (ပါ-ပါတယ်ဘုရား)။

ကျုပ်ပညာရှိလဲ မဟုတ်ဘူးတဲ့၊ ရလဲမရချင်ဘူးဆိုတဲ့ ခုနင်က အေးတယ်၊ ပူတယ်၊ စောတယ်၊ မိုးချုပ်တယ်၊ ကိလေသာ ဆင်ခြေလာတဲ့ ပုဂ္ဂိုလ်များမှာ ကျုပ်ပညာရှိလဲ မဟုတ်ဘူး၊ ရလဲ မရချင်ဘူး၊ ကျုပ်တော့ ရိုးရိုးပဲလို့ ဒီအဓိပ္ပာယ်ရောက် မရောက် . . . (ရောက်ပါတယ်ဘုရား)။

အတော်ဆိုးတယ် (မှန်ပါ့) ဒီဆိုးတာတွေ အခု ဆရာသမား က ဖော်ပြောလို့သာ ကိုယ့်အဆိုး ပေါ်တာနော် . . . (မှန်ပါ့ဘုရား) နို့မဟုတ်လို့ရှိရင်ဖြင့် ဩော် . . . တစ်စတစ်စပဲ။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးလဲ တစ်စတစ်စပဲ ဖြည့်လာတယ် . . (မှန်ပါ့) အင်း . . . ကိလေသာက ခင်ဗျားတို့ကို ချော့သုံးများ ဆွဲလိုက် သေးတယ် . . . (မှန်ပါ့ဘုရား)။

ဘုရားတစ်စတစ်စက=သူ့ဟာက တစ်စတစ်စ လုပ်ရမည့် ပုဂ္ဂိုလ်မို့ တစ်စတစ်စ လုပ်တာပါ . . . (မှန်ပါ့) ဒါနပါရမီ လုပ် နေတုန်းကို ခန္တီပါရမီ မလုပ်နိုင်သေးဘူး၊ သူတက်တက်ပြီး လုပ်သွားရမှာ . . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



သူ့တစ်စတစ်စက ကိစ္စမရှိဘူး၊ ခင်ဗျားတို့က ဘုရားဆုပန် လား . . . ငါခုရ ခုယူမှာလားလို့ မေးတော့ ခုရ ခုယူမယ်လို့လဲ ပြောသေးရဲ့ . . . (မှန်ပါ့) တစ်စတစ်စ လုပ်ရမှာပဲလို့လဲ ဘာမဆိုင်တာ ဆင်ခြေလဲလိုက်သေးတယ် . . . (မှန်ပါ့) ရိပ်မိ ပလား . . (ရိပ်မိပါပြီ) ဘာလဲလိုက်သတုံး . . (ဆင်ခြေလဲလိုက် ပါတယ်) စဉ်းစားလေ ကိုယ်နဲ့ဆိုင်တဲ့အလုပ်လား . . မဆိုင်တဲ့ ပုဂ္ဂိုလ်ညှိပြီး ဆင်ခြေလဲတာလား (မဆိုင်တာ လဲတာပါ) ကိုယ်က ဘုရားဆုပန်တာ မဟုတ်ဘူး၊ ဘုရားဆုပန်တဲ့ ပုဂ္ဂိုလ်နဲ့ အလကား ညှိနှိုင်းပြီး ကိုယ်က အသားယူပြီးသကာလ သူ့ပါးစပ်ထဲထည့်ပြီး ဆင်ခြေလဲနေတယ် . . . (မှန်ပါ့ဘုရား)။

သူ့အလုပ်မျိုး သူလိုဘုရားဖြစ်အောင် ကိုယ်ကျင့်နိုင်မှာလဲ မဟုတ်ဘူး . . . (မှန်ပါ့ဘုရား) မဟုတ်ဘူးလား . . . (ဟုတ်ပါ တယ်)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး တောင်မှ မလျှော့မတင်း စောင်းကြိုး ငြင်းတဲ့၊ ဟင် . . . လာပြီ ခင်ဗျားတို့ ကိလေသာက . . . (မှန်ပါ့ဘုရား)။

ရိပ်မိပလား . . . (ရိပ်မိပါပြီ) အတော်ဆိုးနေတယ် (မှန်ပါ့) လုပ်မှ မလုပ်သေးခင်က၊ စောင်းမှ မရှိသေးခင်က စောင်းကြိုး ဘယ့်နှယ်လုပ်တင်းမလဲ၊ မလျှော့မတင်း ဆိုတာက စောင်းရှိပြီးမှ ဖြစ်ရမှာ . . . (မှန်ပါ့ဘုရား)။

အခုတော့ စောင်းမှ မပါသေးတဲ့လူက မလျှော့ မတင်း ပြောနေတယ်၊ ဘယ့်နှယ်လုပ်ပါမလဲ၊ ရိပ်မိပလား . . . (ရိပ်မိ

www.dhammadownload.com



ပါပြီ) ခင်ဗျားတို့ ဆင်ခြေ ပြောပြပါမယ် . . . (မှန်ပါ) မလျှော့ မတွင်း စောင်းကြိုး ငြင်းဆိုတာက ခင်ဗျားတို့ သောတာမထေရ်ကို ဟောတာ ပြင်းထန်အောင် ကျင့်လွန်းလို့ ဘုရားက ဟောတာ . . . (မှန်ပါ)။

အလုပ်ပြင်းထန်လွန်းလို့ ဟောတာ . . . (မှန်ပါ) ကိုယ့်ဖြင့် အလုပ်မှ မလုပ်ရသေးဘူး၊ မလျှော့မတင်း စောင်းကြိုး ငြင်းက လာနေတယ်ဆိုတော့ ဦးသံဒိုင် ရှက်စရာကြီး . . . (မှန်ပါ) ဘယ့်နှယ် ဆိုကြမလဲ . . . (ရှက်စရာကြီးပါလား)

အဲဒါ ခင်ဗျားတို့ မရှက်လို့ ဖြစ်နေတာ၊ မရှက်လို့ သံသရာရှည်နေကြတာ . . . (မှန်ပါဘုရား) ဟို . . . သောဏကို ဟောတာက ဝီရိယလွန်လို့ တရားကို မရဘူး၊ မရရင် ငါစကြံသွားမယ်ဆိုပြီး စကြံသွားရင်း အားထုတ်တော့ ခြေထောက်က သွေးတွေထွက်တယ် . . . (မှန်ပါ) ဟာ . . . လေးဘက်သွားပြီး အားထုတ်မယ်ဆိုတော့ လက်တွေပါ သွေးတွေ ထွက်တယ် . . . (မှန်ပါ)။

အဲဒါကြောင့် ဘုရားကလာပြီ၊ ကွာ . . . မင်းငယ်ငယ်တုန်းက စောင်းမသင်ဖူးဘူးလား . . . (သင်ဖူးပါတယ်ဘုရား)။

မင်းစောင်းဟာ ဘယ့်နှယ်တုံး ကြိုးတင်းရင် အသံကောင်းပါ့မလား . . . (ကြိုးတင်းရင် အသံမကောင်းပါဘူး) ကြိုးလျှော့တော့ကော ကြိုးလျှော့ရင်လဲ အသံမထွက်ဘူးတဲ့၊ ဒါဖြင့်ကွာ အလတ်စားထားမှပေါ့၊ မင်းဟာ အလတ်စားလုပ်ဆိုတော့ ဟိုမှာ လွန်နေတဲ့ ပုဂ္ဂိုလ်မို့ လျှော့ရတာ (မှန်ပါ) ခင်ဗျားတို့က ဘာမှ

www.dhammadownload.com



မပါသေးဘဲ လျှော့နေကြတယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ) ဘာ့ကြောင့် လျှော့တာတုံး၊ ဘာမှ မပါခင်က လျှော့နေတယ်။

အဲဒါကြီး ဆင်ခြေထားပြီး သကာလ ဘုန်းကြီးတို့ ဒကာဒကာမတွေက ဘုရားက မလျှော့မတင်း စောင်းကြိုးငြင်း ဟောတယ်ဆိုပြီး ကိုယ်ပါအောင် ဆွဲထည့်ထားတယ် (မှန်ပါ့)။

ဒီလို ဆွဲထည့်ရမှာလား၊ လွန်တဲ့ပုဂ္ဂိုလ် ပြောတာလား . . . (လွန်တဲ့ပုဂ္ဂိုလ် ပြောတာပါဘုရား) ခုမှ မလုပ်သေးတဲ့လူက ဒီထဲ ပါလို့ တော်ပါ့မလား . . . (ရိပ်မိပလား) ရိပ်မိပါပြီ။

အံမာလေး . . . ကြောက်စရာကောင်းတဲ့ ဒကာဒကာမတွေ ဆင်ခြေကော ကိုယ်နဲ့တန်တဲ့ ဆင်ခြေလား၊ မတန်တဲ့ ဆင်ခြေလား မပြောတတ်ဘူး . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ) တန်တဲ့ဆင်ခြေလား၊ မတန်တဲ့ဆင်ခြေလား . . . (မတန်တဲ့ ဆင်ခြေပါဘုရား) ဘယ်ကများ ကျက်ထားကြသလဲ၊ မတန်တဲ့ ဆင်ခြေ ကျက်ထားရတယ်လို့၊ အတော်ဆိုးတယ်ဆိုတာ မောင်သစ် ပေါ်ပလား . . . (ပေါ်ပါပြီ)။

ဟိုမှာတော့ ဘာဖြစ်လို့တုန်း . . . တင်းလွန်းလို့ (မှန်ပါ့ တင်းလွန်းလို့ပါ) လျှော့ပါဦးကွာ၊ သဘောကျပလား . . . (မှန်ပါ့) ဟိုမှာတော့ ဝီရိယလွန်နေပြီး သမာဓိနည်းနေလို့ . . . (မှန်ပါ့) လျှော့ပါဦးလို့။

ဒီမှာတော့ ဘာမှမလွန်ခင်က ဘာလုပ်နေသတုံး (လျှော့ပါဦး) လျှော့ပါဦးဆိုတော့ အစကို ဘာမှမပါဘဲ လျှော့နေတာ (မှန်ပါ့) သဘောပါပလား . . . (ပါ-ပါပြီ)။

www.dhammadownload.com



အဲဒီတော့ ခင်ဗျားတို့ ဆင်ခြေလဲမယ် ကြံလို့ရှိရင်လဲ သူ့ ဝတ္ထုသွားလဲ အကဲခတ်ပါဦး . . . (မှန်ပါ့) ငါလို လူစားပဲလား ဘယ်လို ပုဂ္ဂိုလ်လဲဆိုတာ အကဲခတ်ပါဦး . . . (မှန်ပါ့)။

အကဲခတ်ပြီးတော့မှ ဆင်ခြေလဲလို့ရှိရင်လဲ ဆင်ခြေတည့် ချင် တည့်သွားတယ် . . . (မှန်ပါ့) အခုဟာက အကဲမခတ်ဘဲနဲ့ ပြောသံကြားနဲ့ ဆင်ခြေလဲနေတာ . . . (မှန်ပါ့) တည့်ပါ့မလား (မတည့်ပါဘုရား)။

သောတာမှာလွန်လို့ လျှော့ပါဦးလို့ ပြောရတာ . . . (မှန်ပါ့) ခင်ဗျားတို့က လွန်သလားလို့ မေးရင် ဘယ့်နှယ်ပြောမလဲ . . . (မလွန်ပါဘုရား) စပဲ မစရသေးပါဘူးဗျာ၊ အခုမှ အစထားပါဦး ဟုတ်လား . . . (မှန်ပါ့ဘုရား)။

အဲဒီ အဓိပ္ပာယ်ရောက်နေတော့ ဦးသံဒိုင် ကိုယ့် အသုံးအနှုန်း တွေကလဲ မဟုတ်ဘူး (မှန်လှပါဘုရား) ဟုတ်ကြရဲ့လား (မဟုတ် ပါဘုရား) မဟုတ်ပါဘူးတဲ့၊ ဒီဥစ္စာ ကိုယ့်အသုံးဟာ လိုပါသေး တယ်ဆိုတဲ့ ဥစ္စာ ပေါ်လာတယ် . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟော့ . . . ဓမ္မာဓိပတိကို အဓိပတိထားလို့ရှိရင် မင်းဟာ သေသေချာချာ ရမယ် . . . (မှန်ပါ) ဒီတရားဟာ ဧကန် နိဗ္ဗာန်ရောက်တဲ့ တရား၊ ငါဖျင်းလို့သာ မရတာ (မှန်လှပါ) ငါမဖျင်းတော့ဘူး ဆိုရင် ရရမယ် (မှန်ပါ့) ဒီလိုတရားကို အဓိပတိထားပါလို့ ဘုရားက ဟောတယ် (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

www.dhammadownload.com



ခင်ဗျားတို့ကတော့ဖြင့်တဲ့၊ ဒီအတိုင်းသာ တရားကို အဓိပတိထားပြီး ကြိုးစားကြမယ် ဆိုလို့ရှိရင် လိုရာခရီး အပြီးတိုင်ရောက်မှာပဲ . . . (မှန်ပါ့ဘုရား) ရှင်းပြီနော် . . . (ရှင်းပါပြီ)။

အခုတော့ တရားအဓိပတိ မထားတဲ့အပြင် အဓိပတိထားတဲ့ တရားကိုပဲ ကိုယ်တတ်နိုင်သရွေ့ ဖျက်ဦးမယ်ဆိုတော့ ကောင်းနိုင်သေးရဲ့လား . . . (မကောင်းပါဘုရား) ကိုယ်တတ်နိုင်သရွေ့ ဖျက်ဦးမယ် ဆိုတာက ကြားစိတ်တွေ ဝင်လာရင် ဒါဖျက်တာပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ) ကြားစိတ်တွေ ဝင်လာရင် (ဖျက်တာပါပဲဘုရား) ဖျက်တာပဲဆိုတာ ပေါ်ပလား (ပေါ်ပါပြီ)။

အဲ . . . ဖျက်တော့ ခင်ဗျားတို့က ဩော် . . . တရားဆိုတာ မလွယ်ပါကလား . . . ဟောလာပြီ ခင်ဗျားတို့က (မှန်ပါ့) ဘယ့်နှယ်လာသလဲ . . . (တရားဆိုတာ မလွယ်ပါကလား)။

အင်း . . . တရားသာမလွယ်တာ ဘုရားကဖြင့် ဒီတရား အခါမလင့် အကျိုးပေးမယ်ဆိုတဲ့ ဥစ္စာဖြင့် ဘုရားကလဲ အနီးဆုံးဟောတာ (မှန်ပါ့ဘုရား) အခါမလင့်ဆိုတာ ခုလုပ် ခုရမယ် ပြောတာ (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ) အခါမလင့် ဆိုတာ ဘာတုံး . . . (ခုလုပ် ခုရမယ် ပြောတာပါ) ခင်ဗျားတို့က ဘယ်ထဲသွင်းသလဲ၊ မလွယ်ပါကလားတဲ့ . . . (မှန်ပါ့)။

ဘယ့်နှယ်ဖြစ်နေသလဲ၊ တရားဖျက်မှ ဖျက်ကြရဲ့လား . . ဖျက်တာမှ ဟုတ်ကဲ့လား . . . (မဟုတ်ပါဘုရား) ကိုယ့်ဟာကိုယ်လဲ အကဲခတ်ပါဦး . . . (မှန်ပါ့ဘုရား) သဘောပါကြပလား . .

www.dhammadownload.com



(ပါ-ပါပြီဘုရား) ဘယ်သူဖျက်တာတုန်း . . . (တရားဖျက်တာပါ ဘုရား)။

အင်း . . . တရားဖျက်တော့ ဘုရားကော ကျန်ရစ်ဦးမှာလား (မကျန်ရစ်ပါဘုရား) မကျန်ရစ်တော့ဘူး၊ သူဟောတဲ့ ပုဂ္ဂိုလ်လဲ တော်အောင် ဟောထားတာဆိုတာ လာဦးမှာ ခင်ဗျားတို့က (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

အဲဒီလောက်တောင် ခင်ဗျားတို့ တရားကို အဓိပတိ မထားလို့ ရှိရင်တော့ မောင်သစ်တို့၊ ဦးသံဒိုင်တို့ ဘယ်နည်းနှင့်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူး (မရနိုင်ပါဘုရား)။

ဘာဖြစ်လို့ မရနိုင်သတုံးဆိုတော့ ခင်ဗျားတို့ကိုက ကိလေသာ ဆင်ခြေများလို့လို့ ယနေ့ ထူးထူးလည်လည် မှတ်ရမယ် (မှန်ပါ့ဘုရား) ဘယ့်နှယ်ကြောင့် မရသတုန်း (ကိလေသာဆင်ခြေများလို့ပါဘုရား)။

ကြည့်လေ . . . အေးသေးတယ်၊ ပူလို့၊ စောသေးတယ်၊ မိုးချုပ်လို့ . . . (မှန်ပါ့) ခင်ဗျားတို့ဟာက ဘယ်ဟာများ ကျန်သေးသတုံး . . . (မကျန်ပါဘုရား) ဆာရင် ဆာတယ် (မှန်ပါ့) ဝ,ပြန်တော့ကော . . . (ဝ-တယ်)။

ခက်ပြီကော၊ ဆာပြန်တော့လဲ အားမထုတ်၊ ဝ-ပြန်တော့လဲ အားမထုတ် . . . (မှန်ပါ့) ကိစ္စကလေး ရှိနေပြန်တော့ကော (အားမထုတ်ပါ) ခရီးကလေးက သွားမည့်ကြံတော့ . . . (အားမထုတ်ပါ) ဘယ်မတုံး ခင်ဗျားတို့ဟာ အဖျက်ချည့်ပဲ . . . (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီ)။

www.dhammadownload.com



အဲဒါတွေ ပြောနေလို့ရှိရင် ခင်ဗျားတို့ ဆင်ခြေဟာ . . တဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အကုန်သိတယ် . . . (မှန်ပါ ဘုရား) အဲဒါ တရားကို အဓိပတိမထားလို့ ဆင်ခြေနဲ့ ဖျက်နေတာကွ . . . တဲ့ (မှန်ပါ) တရား အဓိပတိမထားလို့ . . . (ဆင်ခြေနဲ့ ဖျက်နေတာပါ ဘုရား)။

ဒါဖြင့် အဖြူကို အမည်းနဲ့ ဖျက်နေတယ် . . . (မှန်ပါ) မောင်သစ် ဘာတဲ့တုံး . . . (အဖြူကို အမည်းနဲ့ ဖျက်နေပါတယ်ဘုရား) အဖြူကို အမည်းနဲ့ ဖျက်နေတာဆိုတော့ သူ့ဟာက ဖြူစင်တဲ့တရား၊ သွာက္ခာတော ဘဂဝတာ ဓမ္မောက ဖြူစင်တဲ့ တရား . . . (မှန်ပါ) ကိလေသာနဲ့ ဖျက်လိုက်တဲ့ အခါကျတော့ ကိလေသာက မည်းတယ် . . . (မှန်ပါ-မည်းပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ တရားအားထုတ်နေကြတာလား အဖြူကို အမည်းနဲ့ ဖျက်နေကြတာလား . . . (အဖြူကိုအမည်းနဲ့ ဖျက်နေတာပါဘုရား) သြော် . . . ခင်ဗျားတို့နဲ့ တွေ့ရမှာပဲ ဒီတရား အရုပ်ဆိုးပေတော့တယ်၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ဘယ်သူနဲ့ တွေ့မှလဲ . . . (တပည့်တော်တို့နဲ့ တွေ့မှပါ ဘုရား) ဒီတရားဟာ အရုပ်ဆိုးသွားတယ် . . . (မှန်ပါ) သူ့ဟာသူနေလို့ ရှိရင် အကောင်းသား . . . (မှန်ပါ) ခင်ဗျားတို့နဲ့ တွေ့မှပဲ . . . (အမည်းဖြစ်ရပါတယ်) အမည်းဖြစ်ရတယ် ဆိုတော့ အင်မတန် မနာဘူးလား . . . (နာပါတယ်ဘုရား)။

ကဲ . . . ဒါသေသေချာချာ တွေးကြည့်မှ သြော် . . . ငါဟာ

www.dhammadownload.com



အဖြူအမည်းလုပ်နေတဲ့ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ပါလား . . (မှန်ပါ့)။

ဒါဖြင့် တရားအဓိပတိမထားလို့ ခင်ဗျားတို့ မဂ်ဖိုလ် မရတာ . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ) ဘာအဓိပတိမထားလို့လဲ . . . (တရားအဓိပတိမထားလို့ပါ) တရားအဓိပတိမထားလို့ မရတာဆိုတာ သေချာကြပလား . . . (သေချာပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ဆင်ခြေတွေ အကုန်ဖြုတ်ပါ (မှန်ပါ့) . . တရားကိုသာ အဓိပတိထား၊ သွာက္ခာတော ဘဂဝတာ ဓမ္မော ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ဓမ္မော၊ ဟောထားတဲ့ တရားသည်။ သွာက္ခာတော သုအက္ခာတော ကောင်းစွာ နိဗ္ဗာန်ဆောင်၏ . . .(မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ) ဘယ်သူ့အဓိပတိထားမလဲ . . . (တရားကို အဓိပတိ ထားရပါမယ်)။

အဲ . . . သူ့ကို အားထုတ်လို့ သူ့ကို ကြိုးစားလို့မှ သူက မဆောင်လို့ရှိရင်တော့ တရားအပြစ်ပေါ့ (မှန်ပါ့ဘုရား) ကြားစိတ်တွေဝင်လာလို့ မရတာ ကျတော့ ခင်ဗျားတို့က ဖျက်လို့ မရတာ . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် သူ့ကို ဖြစ်ပျက်ကို အားထုတ်ကြပါ၊ ဝေဒနာကြိုက်ရင် ဝေဒနာဖြစ်ပျက် အားထုတ်ပါ။

**ကဲ အချိန်စေ့ပြီ ယနေ့ညတော်ကြဦးစို့ . . . ။**

**သာဓု . . . သာဓု . . . သာဓု**

www.dhammadownload.com

စာမူခွင့်ပြုအမှတ် ............ ၃၄၅ / ၂၀၀၀ ( ၅ )
မျက်နှာဖုံးခွင့်ပြုအမှတ် .......... ၃၀၅ / ၂၀၀၀ ( ၆ )
ပုံနှိပ်ခြင်း ................ ပထမအကြိမ်
အုပ်ရေ .................. ၅၀၀၀
ထုတ်ဝေသည့်ကာလ .......... ၂၀၀၀ ၊ ဇွန်လ

ထုတ်ဝေသူ ................ ဦးအောင်ချို (မြ - ၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်
အမှတ် ၈၂ ၊ နတ်မောက်လမ်း ၊
ရန်ကုန်မြို့.

မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်သူ .... ဦးတိုးဝင်း ( ၀၂၄၃၁ )
နေလရောင် အော့ဖ်ဆက်
၉၆/ခ ၊ ၁၁လမ်း ၊ ရန်ကုန်မြို့.

www.dhammadownload.com